မူးယစ်ဆေးမှ အာဏာ

ရွှေတရိဂံတွင် မြန်မာစစ်တပ်ကျင့်သုံးသည့် မူးယစ်ဆေးရောင်းဝယ်မှု ဗျူဟာ

မူးယစ်ဆေးမှု အာဏာ

ရှေ့တရိုက်တွင် မြန်မာစစ်တပ်ကျင့်သုံးသည့် မူးယစ်ဆေးရောင်းဝယ်မှု ဗျူဟာ

လားဟူ အမျိုးသားဖွံ့ဖြိုးရေး အဖွဲ့(LNDO) အကြောင်း

လားဟူ အမျိုးသားဖွံ့ဖြိုးရေး အဖွဲ့(LNDO)ကို ၁၉၉၇ ခု မတ်လက ထိုင်းနိုင်ငံ ချင်းမယ်မြို့တွင် ဒီမိုကရေစီရေးလှုပ်ရှားသူ ခေါင်းဆောင်တစုက ထူထောင်ခဲ့သည်။ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေး အပါအဝင် လားဟူ အရေးနှင့် ဘဝတိုးတက်ကောင်းမွန်ရေး အတွက်ဖြစ်သည်။

LNDO ၏ရည် ရွယ်ချက်များမှာ

- ရှမ်းပြည်နယ်တွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အားပေးရန် အထူးသဖြင့် လားဟူလူမျိုးများအတွက်။
- လားဟူ၊ အခါ၊ အန်၊ ပလောင်၊ ဝ ၊ရှမ်း၊ ကချင် လူမျိုးများ နားလည်မှု ပိုမိုရှိရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး၊ ဖက်ဒရယ်စံနစ်အရေး၊ ရပ်ရွာ ဖွံ့ဖြိုးရေး ကျန်းမာရေးစောင့်ရှောက်မှုကို အားပေးရန်
- ရှမ်းပြည်နယ်ရှိ လားဟူနှင့် တောင်ပေါ်နေအခြားတိုင်းရင်းသားများ ညီညွတ်စေရန်၊ ပူးပေါင်းလုပ်ဆောင်ရန်၊ ဒေသဆိုင်ရာ အုပ်စုများ ခေါင်းဆောင်မှု စွမ်းရည် ဖွံ့ဖြိုးရေး အခွင့်အလမ်းများ ပေးရန်။

LNDO မှ ထုတ်ပြန်ခဲ့သော စာတမ်းများမှာ - Unsettlling Moves = ရှမ်းပြည်နယ် အရှေ့ပိုင်းတွင် ဝတို့အား အဓမ္မရွှေ့ပြောင်းခိုင်းသည့် စီမံချက် (၂၀၀၂)။ Aftershocks မြန်မာ့မဲခေါင် တလျှောက် တုန်လှုပ်စရာများ = ရှမ်းပြည်နယ် အရှေ့ပိုင်း သန္တာကျောက်တန်းများကို မိုင်းခွဲသည့် စစ်တပ်၏ ဖွံ့ဖြိုးရေး လုပ်ဟန် (၂၀၀၃)။ Undercurrents ရေစီးကြောင်းအောက်ဝယ်။ = မြန်မာ့ မဲခေါင်မြစ်တလျှောက် ဖွံ့ဖြိုးမှုကို စောင့်ကြည့်ခြင်း။ (အမှတ် ၁၊ ၂၀၀၅၊ အမှတ် ၂၊ ၂၀၀၆။ အမှတ် ၃၊ ၂၀၀၉ ။)

ဆက်သွယ်ရန် - lndoess@gmail.com

မျက်နှာဖုံး ပုံ - ရှမ်းပြည်နယ် အရှေ့ပိုင်းမှ "အင်ကျီရှည်" လားဟူဝါ အမျိုးသမီး

မာတိကာ

အကျဉ်းချုပ် ၄

နိဒါန်းနှင့် ဤစာတမ်းဖြစ်ပေါ်လာရခြင်း အကြောင်း ၇

တွေ့ရှိချက်များ ၈

၁) ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် စစ်ရေး အရှိန်မြင့်တက်လာခြင်း ၈
မြန်မာစစ်တပ် တိုးချဲ့မှု ၁၁
ပြည်သူ့စစ်အဖွဲ့တိုးချဲ့ခြင်း ၁၂
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ တိုးချဲ့ခြင်း ၁၃
၂) မူးယစ်ဆေးနှင့် တိုက်ပွဲများ အဆက်အစပ် ၁၇
၃) မြန်မာ့စစ်တပ်က မူးယစ်ဆေး ရောင်းဝယ်မှုကို မှီခိုနေခြင်း ၁၈
ဘိန်းထွက်ရှိမှုအပေါ် အခွန်ကောက် ခံခြင်း။ ၁၈
ဘိန်းရောင်းခြင်းကို ထိန်းချုပ်ရာမှ ရသည့် အမြတ် ၁၉
ဖမ်းမိ မူးယစ်ဆေးများကို ရောင်းရာတွင် ခိုင်နှုန်း ကောက်ခြင်း ၁၉
ဘိန်းချက်ရုံတွင် အရင်းအနှီးစိုက် ခြင်း ၂၀
ထွက်ရှိလာသည့် ပစ္စည်းကို သယ်ရာတွင် လုံခြုံရေး ယူပေးရခြင်း ၂၀
၄) မြန်မာစစ်တပ်နှင့် တခြား ဗဟိုအစိုးရ အရာရှိ တို့ကို လာဒ်ပေးခြင်း ၂၁
၅) လက်ရှိ မူးယစ်ဆေးအခြေအနေ- မြေပြင်မှ အသံများ ၂၂
အတားအဆီးမဲ့ ဘိန်းပိုမိုထွက်ခြင်း၊ ၂၂
မူးယစ်ဆေးစွဲသူများ တိုးပွါးလာခြင်း ၂၃
ဟန်ပြ တိုက်ဖျက်ရေးများ ၂၅
ဘိန်းစိုက်တောင်သူမတဦး၏ အသံ ၂၆
၆) အတိတ်က မူးယစ်ဆေးတိုက်ဖျက်ရေး စီမံချက်မှ သင်ခန်းစာများ ၃၁
ဖြစ်ရပ်ကို လေ့လာချက် - လားဟူဝါတို့ အဝမ္မ ပြောင်းရွှေ့ခံရ၍ ပျက်စီးကြရခြင်း ၃၁

နိဂုံးချုပ်။နှင့် အကြံပြုချက်များ ၃၆

အကျဉ်းချုပ်

လားဟူအမျိုးသားဖွံ့ဖြိုးရေး အဖွဲ့(LNDO)၏ အစီရင်ခံစာတွင် ထူးခြားသည် မြေပြင် သတင်းအချက်အလက်များအရ ရှမ်းပြည်နယ် အရှေ့ပိုင်း မူးယစ်ဆေးရောင်းဝယ်ရေးမှ မြန်မာစစ်တပ်က မည်သို့ တိုက်ရိုက် အကျိုး အမြတ်ရသည်ကို ဆန်းစစ်ဖော်ပြထား သည်။ တွေ့ရှိချက်များက တိုက်ပွဲများနှင့် မူးယစ်ဆေးထုတ်လုပ်မှုနက်နဲစွာဆက်စပ်နေ သည်ကိုဖော်ပြသည်။နိုင်ငံရေးဖြေရှင်းမှုများ ကသာဆယ်စုများစွာ ဖြစ် နေသည့်လူမျိုးစု ပဋိပက္ခကိုဖြေရှင်းခါမြန်မာပြည်ရှိမူးယစ်ဆေး ပြဿနာကိုကိုင်တွယ်နိုင်လိမ့်မည်။

အပစ်ရပ် ထားကြသော်လည်း တိုင်းရင်းသား များတောင်းဆိုသည့် ဖက်ဒရယ် စံနစ်ကျင့်သုံး ရန်အ ချက်ကို အစိုးရက ငြင်းပယ်ထားခြင်းက ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ မြန်မာစစ်တပ်နှင့် တိုင်းရင်းသားလက် နက် ကိုင်အုပ်စုတို့ကြား စစ်ရေးတိုးတည်ဆောက်မှုကို တဖြေးဖြေး ဖြစ်စေသည်။ လွန်ခဲ့သောဆယ်နှစ်က ရှမ်းပြည်နယ်အရှေ့ပိုင်း မြို့နယ် ၈ ခုတွင် ပြည်သူ့စစ်အပါအဝင် စစ်အင်အား ၁၀,၀၀၀ မှ ၁၄,၀၀၀ အထိတိုးလာသည်။ ပြည်သူ့စစ်တို့ ၂၃၀၀ မှ ၃၄၀၀ ဖြစ်လာသည်။ ဝေးလံသီ ခေါင်သော ဒေသ ကို ဗဟိုအစိုးရ ထိန်းချုပ် နိုင်ရေးရည်မှန်းချက်အတွက် သူတို့ကို အသုံးချနေခြင်းဖြစ်သည်။

မြန်မာစစ်တပ်၏ပြည်သူ့စစ်ထိန်းချုပ်သည့် ဒေသတို့မှာရှမ်းပြည် အရှေ့ပိုင်းရှိ ဘိန်း အများဆုံးစိုက်ပျိုးရာ ဒေသများဖြစ်သည်။ ကုလသမဂ္ဂ မူးယစ်ဆေးနှင့် ပြစ်မှုများ ဆိုင်ရာရုံး (UNODC) ၏မြေပုံတွင် ဖော်ပြထား သည်။ ဤဒေသများတွင် မူးယစ်ဆေး ဘိန်းဖြူများစွာနှင့် စိတ်ကြွဆေးများကိုထုတ် သည် မူးယစ်ဆေး ချက်စက်ရုံ ဆယ်တချို့ ခန့်တည်ရှိသည်။

မြန်မာစစ်တပ်၏ပြည်သူ့စစ်တို့ကဘိန်းချက် စက်ရုံလုပ်ငန်းရှင်များ၊ရောင်းဂိုဏ်းများကိုအ ကာအကွယ်ပေး သည်။ပြည်သူ့စစ်တို့သည် ဘိန်းစိုက်တောင်သူများထံမှဈေးနှိမ်ဝယ်ပြီး ဘိန်းချက်စက်ရုံပိုင်သူများကို ပြန်ရောင်းချ သည်။ဘိန်းချက်လုပ်ငန်းတွင်လည်းအရင်းအ နှီးပါဝင်ထားသည်၊ဖြန့်ဝေမည့်နေရာသို့ပို့ ဆောင်ရေး လုပ်ငန်းများ တွင်လည်း ပါဝင်ပတ်သက်နေသဖြင့် အမြတ်များစွာရရှိကြ သည်။ ထိုအမြတ်များက ပြည်သူ့စစ်များ ထောက်ပံ့ယုံသာမက ပြည်သူ့စစ်ခေါင်း ဆောင်များကိုလည်း ကြွယ်ဝချမ်းသာ စေသည်။ ဤ အချက်သည် မြန်မာစစ်တပ်၏ သစ္စာကို ခံစေသည့် အဓိကဆွဲဆောင်မှု ဖြစ်ပြီး တိုင်းရင်းသားတို့၏ ခုခံရေး အင်အားစုများ အား ဆန့်ကျင်သည့် မြန်မာစစ်တပ်၏ မူဝါဒကို ဆက်လက် ရှင်သန် စေသည်။

တိုင်းရင်းသားအရေးကို မဖြေရှင်းခြင်း၊ အရပ်သားအုပ်ချုပ်မှုအောက်တွင် စစ်တပ်အဖွဲ့အစည်း မရှိခြင်းတို့ကြောင့် ဒီနှစ် ရှမ်းပြည် နယ်အရှေ့ပိုင်း တွင် မူးယစ်ဆေးရောင်းဝယ်မှုမှာ အစိုးရက ကြေညာထားသည်နှင့် ဆန့်ကျင်လျှက် ပုံမှန်အတိုင်း ဖြစ်နေသည်။မြန်မာစစ်တပ်ကနယ်မြေထိန်းချုပ်နိုင်ရေး အတွက် ပြည်သူ့စစ်သည်မဟာမိတ်အဖြစ်ရှိနေသမျှ၊ ပြည်သူ့စစ်များအပေါ် မူးယစ်ဆေး တိုက်ဖျက်ရန် မည်သည့် အခါမှ တားမြစ်မည် မဟုတ်ပေ။ မူးယစ်ဆေးတိုက်ဖျက်ရေးထက် နယ်မြေထိန်းချုပ်ရေး ကသူတို့အတွက် ပို၍ အရေးပါ သောကြောင့်ဖြစ်သည်။

၂၀၁၆ ခု LNDO လေ့လာချက်အရ ရှမ်းပြည် နယ်အရှေ့ပိုင်း သုံးမြို့နယ်ရှိ ဘိန်းစိုက်ပျိုးသော လားဟူရွာ ၃၃ ရွာတွင် ပြည်သူ့စစ်ခေါင်းဆောင်များသည် ချမ်းသာကြွယ်ဝကြသော်လည်း ရွာသားအများစုမှာ ဆင်းရဲမြဲ ဆင်းရဲနေကြသည်။ ဘိန်းကို အထောက်အကူ သီနံအဖြစ် အားကိုးနေရသည်။ ဘိန်းစိုက်ပျိုးမှုမှာ ယခင်နှစ်ထက် ပိုတိုးလာသည်။ ပြည်သူ့စစ်တွေကြီးစိုးသည့်နေရာတွင် ဘိန်းချက်ရုံများ အတားအဆီးမဲ့ ချက်နေကြသည်။ ဈေးပေါသည့် မူးယစ်ဆေးတို့က လားဟူ အသိုင်းအဝိုင်းရှိ လူငယ်များအကြား မူးယစ် ဆေးစွဲသူများ ကြောက်မက်ဖွယ်ရာ တိုးပွါးလာသည်။

မူးယစ်ဆေးထိန်းချုပ်မှုသည် လျှော့ရဲပြီး ထိရောက်မှုမရှိဖြစ်နေစဲ ။ ဤနှစ်တွင် မူးယစ်ဆေးများဖမ်းဆီမှု သတင်းများရှိသော်လည်း လက်လီရောင်းသူများကိုသာ စွဲချက်တင်နိုင်သည်။ မိုင်းဆတ်မှ အစိုးရပြည်သူ့စစ် ခေါင်းဆောင်ကို စိတ်ကြွဆေး အမြောက်အများနှင့် ၂၀၁၆ မတ်လတွင် ဖမ်းဆီးမိသော်လည်း ၆ လအကြာတွင် အပြစ်မပေးဘဲ လွှတ်လိုက်သည်။

ဘိန်းတိုက်ဖျက်ရေး စီမံကိန်းဟန်ပြလုပ်ဆောင်ချက်သည် တောင်ပေါ်ရှိ တောင်သူဆင်းရဲသား တို့ကို ဖိအားပေးသော်လည်း ဘိန်းရောင်းဝယ်မှုကို ထိခိုက်ခြင်းမရှိချေ။ ဒေသခံလူ့အဖွဲ့အစည်းများကို သာအလွန်ထိခိုက်စေပါသည်။

ဥပမာအားဖြင့် ၁၉၉၉ မှ ၂၀၀၅ခုနှစ်အကြားတွင် မြန်မာ့တပ်မတော်မှ လုပ်ဆောင်သော ဘိန်းတိုက်ဖျက်ရေးလှုပ်ရှားမှုသည် လားဟူ အနွယ်ဝင် တခုဖြစ်သည့် "အင်ကျီရှည်" လားဟူ အဝါ လူဦးရေကို ထိခိုက်ပျက်ဆီးစေခဲ့ပါသည်။ ကျိုင်းတုံနှင့် တာချီလိတ်ရှိ မြင့်မားသော တောင်ပေါ်မှမောင်းချခဲ့သည်။ မြေနိမ့်ရာသီဥတုနှင့်ငှက်ဖျားတို့ကြောင့်ရာချီ သေဆုံးရသည်။တချို့ကသူတို့နေရင်း တောင်ပေါ်သို့ပြန်သွားခဲ့ သည်။ တချို့က ပြန်လည်နေရာချပေးသည် နေရာတွင်

ဆက်နေကြသည်။သို့သော် သူတို့ လူဦးရေမှာ မူလ ၁,၈၀၀ မှ ၁,၁၀၀ သို့လျော့ကျသွားသည်။

မြန်မာပြည်တွင်းရှိမူးယစ်ဆေး ပြဿနာကို လူအများရှေ့မှ ပြောဆိုကြသော်လည်း စစ်ပွဲတွေနှင့် ဆက်စပ်နေမှုကို အနည်းငယ်လောက်ကသာ ပြောနေကြသည်။ ဗဟိုအစိုးရအကျိုး အတွက် မြန်မာစစ်တပ်က နယ်နမိတ်ကို ကာကွယ်ရာတွင် မူးယစ်ဆေးရောင်းဝယ်မှုအပေါ် မှီခိုနေရကြောင်း သိပ်မပြောဆိုကြပေ။ တိုက်ပွဲများကိုရည်ညွှန်းရာတွင်လည်း တိုင်းရင်းသားခုခံရေး အင်အားများကိုသာ မူးယစ်ဆေးမှရသော ဝင်ငွေဖြင့် စစ်ဆင်ရေးလုပ်သည်ဟုသာ ခွဲခြားအပြစ်တင်ကြသည်။

မြေပြင်ပေါ်မှ အထောက်အထားများကို ငြင်းပယ်လျှက် UNODC အပါအဝင် နိုင်ငံတကာ အလှူရှင် တို့၏လုပ်ရပ်သည် အကျိုးမရှိသလို အန္တရာယ်များလှသည်။ တိုက်ပွဲများရှိနေစဉ် မြန်မာအစိုးရကို အကူအညီများ တိုး၍ပံ့ပိုးပေးခြင်းသည် မူးယစ်ဆေး ထိန်းချုပ်နိုင်ရေး အပါအဝင် လုံခြုံရေး အပိုင်းကို အားပေးရာရောက်သည်။ မူးယစ်ဆေးရောင်းဝယ်မှုကိုလည်း အားပေးရာကျသည်။မြန်မာပြည်တဝှမ်းရှိလူအဖွဲ့အစည်းကို ဆိုးကျိုးများတိုး ပွါးစေပါသည်။

LNDO အနေနှင့် NLD အစိုးရနှင့်နိုင်ငံတကာ အလှူရှင်များကို တိုက်တွန်းလိုသည်မှာ မြန်မာပြည်တွင် မူးယစ်ဆေး ပြဿနာကို ဖြေရှင်းလိုပါက နိုင်ငံရေး အရ အဖြေရှာခြင်းကို ဦးစားပေး အာရုံစိုက် အား ထုတ်စေချင်ပါသည်။

ဖက်ဒရယ်နည်းဖြင့် ဖြေရှင်းခါ ပြည်နယ်နှင့် အောက်အဆင့်တို့ကို ထိရောက်သည့် အာဏာ ခွဲဝေမှု ပြုရပါမည်။ သက်ဆိုင်ရာ တိုင်းရင်းသားအစုတို့က တောင်းဆိုသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးပြီး ဖြေရှင်း ရပါမည်။ ဤအချက်က စစ်တပ်ကို အရပ်သား အစိုးရအောက် ထားရှိရန်လည်း အမြန်လိုအပ်ပါသည်။

ဒေသခံခေါင်းဆောင်တို့ကိုသေနတ်ဖြင့်မဟုတ် ဘဲဆန္ဒမဲဖြင့်ရွေးပြီးအုပ်ချုပ်သည့် ဖက်ဒရယ်ဒီမိုကရေစီ စံနစ်အရလုပ်ကိုင်နိုင်ချိန်ကျမှသာလူထုများပါဝင်လာပြီးတည်မြဲသည် မူးယစ်ဆေးတိုက်ဖျက်ရေး စီမံကိန်းများကို အကောင်အထည်ဖေါ်နိုင်ပေလိမ့်မည်။

နိဒါန်းနှင့် ဤစာတမ်းဖြစ်ပေါ်လာရခြင်း အကြောင်း

၁၉၉၇ တွင် လားဟူအမျိုးသား ဖွံ့ဖြိုးရေးအဖွဲ့ (LNDO) ကိုစတင်တည်ထောင်စဉ်ကပင် ရည်ရွယ်ချက်တခုမှာ လားဟူပြည်သူများ ဘိန်းကိုအစားထိုး စိုက်မျိုးနိုင်ရေး ဖြစ်သည်။ သို့သော် ဘိန်းစိုက်ခြင်းသည် ဘဝရပ်တည်ရေးအတွက် အဓိက အလုပ်အဖြစ် လားဟူ လယ်သမား အများစု အတွက် ဖြစ်မြဲ ဖြစ်နေသည်။ "ရွှေတြိဂံ" ဟုခေါ်သော ရှမ်းပြည်နယ် အရှေ့ပိုင်းသည် မြန်မာပြည်နှင့် ဒေသတွင် ဘိန်းဖြူနှင့် စိတ်ကြွဆေးများ အဓိက ထွက်ရာ နေရာ ဖြစ်မြဲ ဖြစ်နေသည်။

လက်ရှိ မြန်မာပြည်တွင် မူးယစ်ဆေး အမြောက်အများ ထွက်ရှိနေခြင်းက မူးယစ်ဆေး ထိန်းချုပ်ရေး ကျိုး ပမ်းမှုမှာ အရာမထင်ကြောင်း ထင်ရှားသည်။ နိုင်ငံရေး ပြဿနာသည် မူးယစ်ဆေး ထုတ်လုပ်ခြင်းကို အားပေးနေကြောင်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးခြင်းကိုလည်း မလုပ်ကြပေ။ အထူးသဖြင့် မြန်မာစစ်တပ်က မူးယစ်ဆေး ရောင်းဝယ်မှုက ဘယ်လို အမြတ်ထွက်သည်ကို လည်း မပြောကြ။ မြန်မာပြည်ထဲတွင် တရားဝင် လုပ်ကိုင်နေသည့် UNODC နှင့် နိုင်ငံရေး သုံးသပ်သူတွေကလည်း လျှာလွှဲနေကြသည်။ မူးယစ်ဆေး ဆိုင်ရာ မူဝါဒ ဆွေးနွေးရာတွင် မြေပြင် အောက်ခြေထု၏ အသံမှာ ကြားရခဲလှပေသည်။

မူးယစ်ဆေးပြဿနာကို ကိုင်တွယ်ရန် NLD အစိုးရက ကတိကဝတ်အသစ်တွေ ပေးသဖြင့် မူးယစ်ဆေးဝါး မူဝါဒ ဆွေးနွေးရာတွင် LNDO အနေဖြင့်မြေပြင်သတင်းများ ပေးရန်နှင့် ရှမ်းပြည်အရှေ့ပိုင်းရှိ မူးယစ်ဆေးနှင့် ဆက်စပ်နေသည့် တိုက်ပွဲများအကြောင်း ပွင့်ပွင့်လင်လင်း သုံးသပ်ပြရန် ဆုံးဖြတ်လိုက်ပါသည်။

ရှမ်းပြည်အရှေ့ပိုင်း မြို့နယ်၄ ခုရှိ ဘိန်းစိုက်ပျိုးသည့် ရွာ ၃၃ ရွာသို့ LNDO ဝန်ထမ်းများ ၂၀၁၆ ခု ဧပြီလမှ ဇွန်လအထိ ကွင်းဆင်း လေ့လာခဲ့သည်။
ကျိုင်းတုံ - ကျေးရွာအုပ်စု ၁၁ ခုမှ ၁၈ ရွာ
မိုင်းဆတ် - ကျေးရွာအုပ်စု ၂ ခုမှ ၆ ရွာ
တာချီလိတ် - ကျေးရွာအုပ်စု ၄ ခုမှ ၈ ရွာ
မိုင်းဖြတ် - ၁ ရွာ

LNDO ဝန်ထမ်းတို့သည် ကျေးရွာလူကြီးများ၊ တရားဟောဆရာများ၊ ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ထိုဒေသရှိရွာသားများနှင့်တွေ့ဆုံခါဘိန်းစိုက်ပျိုးခြင်း၊သူတို့ဒေသတွင်း မူးယစ်ဆေးထုတ်လုပ်ခြင်းအကြောင်း တို့ကို ဆွေးနွေးခဲ့ကြသည်။ ဝန်ထမ်းတို့က တိုက်ပွဲအခြေအနေ၊အစိုးရ၏ မူယစ်ဆေး ထိန်းချုပ်ရေး အခြေအနေ တို့ကိုလည်း ဆွေးနွေးခဲ့သည်။ ဆွေးနွေးမှု၏ရလာဒ်ကို ဤအစီရင်ခံစာတွင် ၂၀၁၆ခု ဇူလိုင်နှင့် ဩဂုတ် လများတွင် ထည့်သွင်းထားပါသည်။

တွေ့ရှိချက်များ

မိုင်းကုတ်မှလားဟူပြည်သူ့စစ်

၁) ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် စစ်ရေးအရှိန်မြင့်တက်လာခြင်း

ရှမ်းပြည်အရှေ့ပိုင်းတွင် မြန်မာစစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်အင်အားစုတို့ကြား အပစ် ရပ်စဲရေး လုပ်ထားသော်လည်း ညီညွတ်သောဝ ပြည်နယ် တပ်မတော် (UWSA)၊ အမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော် (NDAA)၊ နှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ / ရှမ်းပြည်တပ်မတော် (RCSS/SSA) တို့သည် ဘက်အားလုံးတွင် စစ်ရှိန်မြင့်တင်ထားသည်။

၂၀၀၆ ခုနစ် ရှမ်းပြည်နယ် အရှေ့ပိုင်း မြို့နယ် ၈ ခုတွင် လက်နက်ကိုင်အင်အား ၁၇,၀၀၀ ခန့် (မြန်မာစစ် သားနှင့် ပြည်သူ့စစ် ၁၀,၀၀၀၊ နှင့် တိုင်းရင်းသား ခုခံတော်လှန်ရေး အင်အား ၆,၀၀၀) ရှိခဲ့သည်။ ယခုအခါတွင် လက်နက်ကိုင်အင်အား ၂၄,၀၀၀ ခန့် (အစိုးရစစ်တပ် ၁၄,၀၀၀ ကျော်၊ နှင့် တိုင်းရင်းသား ခုခံတော်လှန်ရေး အင်အား ၁၀,၀၀၀ ခန့်) ရှိသည်။ ဤဒေသတွင် လက်နက်ကိုင်အင်အား ၇,၀၀၀ တိုးလာခြင်း ဖြစ်သည်။



၂၀၁၆ စက်တင်ဘာလမှာ ရှမ်းပြည်နယ်အရှေ့ပိုင်း စစ်အင်အား

ရှမ်းပြည်နယ်အရှေ့ပိုင်း- လက်နက်ကိုင် အင်အားစု (မြို့နယ် ၈ ခု)	၂၀၀၆		၂၀၁၆	
	တပ်ရင်း အရေ အတွက်	ခန့်မှန်း အင်အား	တပ်ရင်း အရေအတွက်	ခန့်မှန်း အင်အား
မြန်မာစစ်တပ်အင်အား				
ခြေလျင်တပ်	၄၁ ရင်း	၈,၂၀၀	၄၉ ရင်း	၉,၈၀၀
အမြောက်တပ်	၃ ရင်း	၂၁၀	၈ ရင်း	၆၄၀
ပုံမှန်ပြည်သူ့စစ်	၆၁ စု	၁,၈၀၀	၈၆ စု	၃,၀၀၀
လားဟူ "အထူးကွန်မန်ဒို" ပြည်သူ့စစ်	၅ စု	၁၀၀	-	-
ယခင် MTA ပြည်သူ့စစ်	၂ စု	၄၀၀	၂ စု	၄၀၀
နယ်ခြားစောင့်တပ်	-	-	၃ ရင်း	၂၁၀
စုစုပေါင်း (အနှဲ)		**၁၀,၇၁၀**		**၁၄,၀၅၀**
တိုင်းရင်းသား လက်နက်ကိုင်ခုခံရေး အင်အားစု				
တောင်ပိုင်းUWSA	၇ ရင်း + တပ်မ တခု	၃,၀၀၀	၇ ရင်း + တပ်မ တခု	၄,၀၀၀
RCSS/SSA	၃ ရင်း + တပ်မ တခု	၂၀၀	၃ ရင်း + တပ်မ တခု	၇၀၀
NDAA (မိုင်းလား)	၇ ရင်း	၃,၀၀၀	၇ ရင်း	၅,၀၀၀
စုစုပေါင်း (အနှဲ)		**၆,၂၀၀**		**၉,၇၀၀**
အားလုံးစုစုပေါင်း		**၁၆,၉၁၀**		**၂၃,၈၅၀**



၂၀၀၆-၂၀၁၆ နှစ်အတွင်း အရှေ့ရှမ်းပြည်နယ်ရှိ မြို့နယ် ၈ ခုတွင် မြန်မာစစ်တပ်တိုးချဲ့ပုံ

၂၀၀၆							
	တာချီလိတ်	**မိုင်းဖြတ်**	**မိုင်းယောင်း**	**မိုင်းပြင်း**	**ကျိုင်းတုံ**	**မိုင်းဆတ်**	**မိုင်းတုံ**
မြန်မာစစ်တပ် - တပ်ရင်းများ	ခမရ ၅၂၆၊ ၃၅၉၊ ၃၃၁၊ ၃၁၆၊ ၅၇၁၊ ၅၇၂၊ အမြောက် တပ်ရင်း ၃၈၇။	စကခ ၁၈၊ ခမရ ၅၀၇၊ ၅၇၀၊ ၃၂၉၊ ၂၂၁၊ ၃၃၀။ ၅၇၉	ခမရ ၃၄၅၊ ၃၃၅၊ ၃၁၁၊ ၃၃၄။	ဒကခ၊ ခလရ ၄၃၊ ခမရ ၃၆၀၊ ၃၅၀၊ ၅၂၈၊ ၅၃၉၊ အမြောက်တပ်	ခလရ ၃၁၄၊ ခမရ ၅၂၉၊ ၂၄၄၊ ၂၄၅၊ ၂၂၄၊ ၂၂၆၊ ၂၂၈၊ ၅၉၈၊ ၄၁၀၊ ထောက်ပို့ ၂၂၂၊ ဆောက် လုပ်ရေးရင်း ၆၊ မြေပြင်ဆေး တပ် ရင်း ၁၂၊ ၉၀၉ အမြောက်တပ် ဌာနချုပ်၊ အထွေထွေ ဆောက် လုပ်ရေး တပ်။	စကခ ၁၄၊ ခလရ ၄၉၊ ခမရ ၂၇၈၊ ၅၂၇၊ ၃၃၃	ဒကစ၊ ခလရ ၆၅၊ ၂၇၇၊ ၂၂၅၊ ခမရ ၅၁၉၊ ၃၂၈
မြန်မာစစ်တပ် ပြည်သူ့စစ်	၁၁ စု	၅ စု + အထူး ပြည်သူ့စစ် ၅ စု	၄ စု	၅ စု	၂၂ စု	၁၀ စု	၄ စု
၂၀၁၆ စစ်အင်အားတိုးချဲ့ခြင်း							
မြန်မာစစ်တပ် တပ်ရင်း အသစ်များ	ခမရ ၃၃၆၊ အမြောက်တပ်ရင်း၊ နယ်ခြား စောင့်တပ် ၁၀၀၉။	ခမရ ၅၄၉၊ ၂၂၇၊ (နေရာ ရွှေ့ တပ်ရင်း ၂ရင်း)	နယ်ခြားစောင့် တပ်၁၀၀၈။	ခမရ ၃၃၂၊ ၅၂၀။ မြောက်တပ်စု	အမြော က်တပ်ရင်း ၃၂၈	ခမရ ၅၅၃၊ ၅၅၄၊ ၅၇၉၊ ၅၈၀၊ တင့်ကား တပ်ရင်း ၂၂၂	ခလရ ၆၆၊ ခမရ ၄၈၆၊ ၁၃၃၊ ၃၃၀၊ ၇၄၁ အ မြောက်တပ်၊ နယ်ခြားစောင့် တပ် ၁၀၀၇
မြန်မာ စစ်တပ်၏ပြည် သူ့စစ်အဖွဲ့ အသစ်	၂ စု	ပုံမှန်ပြည်သူ့ စစ် ၅ စု၊နှင့် ပြည်သူ့စစ် ၅စုကို ပေါင်း ထားသည့် ပြည်သူ့စစ် အစုကြီး -၁ စု)		၂၂ စု	၂ စု ၊ အထူးပြည်သူ့စစ် ၁ စု	၂ စု	၁ စု

မြန်မာစစ်တပ် တိုးချဲ့မှု

ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် မြန်မာစစ်တပ်သည် ၁၀ နှစ်အတွင်း တပ်ရင်း ၄၄ ခုမှ ၅၇ ခုအထိတိုးလာသည်။ ဤသည်မှာ ၁၉၈၈ ကထက် ၁၀ ဆလောက် တိုးလာခြင်းဖြစ်သည်။ ၁၉၈၈ က ဤဒေသတွင် တပ်ရင်း ၆ ခုသာရှိခဲ့သည်။ ခြေလျင် တပ်ရင်း အသစ် ၈ ခုကို ၀ နယ်စပ်နှင့် ကပ်နေသည့် မိုင်းဆတ်နှင့် မိုင်းတုံ ဒေသ တွင် ချထားသည်။ အမြောက်တပ်ရင်း အသစ် ၅ ခုကို ကျိုင်းတုံ၊ မိုင်းပြင်းနှင့် တာချီလိတ်တွင် အခြေစိုက်ထားသည်။ မိုင်းဆတ်မြို့ အရှေ့မြောက်ဘက်ရှိ မိုင်းကုတ်တွင် စစ်အခြေခံ အဖြစ်ထားခါ ခံတပ်ဆောက်ထားသည်။ ရဟတ်ယာဉ်ဆင်းတက်ရန် ကွင်း ၂၀ ကို ၂၀၁၅ ခုမှ စ၍အသင့် ပြင်ထားသည်။

တပ်ရင်းတရင်းတွင် အင်အား ၃၀၀ လောက်ရှိသင့်သော်လည်း မြန်မာစစ်တပ်တွင် အင်အား ၂၀၀ စီသာရှိပြီး အမြောက်တပ် တပ်ရင်းတွင် အင်အား ၇၀ - ၈၀ သာရှိကြောင်း LNDO က ခန့်မှန်းသည်။ ဤတွက်ချက်မှုကို အခြေခံ၍ ရှမ်းပြည်အရှေ့ပိုင်း မြို့နယ် ၈ ခုတွင် မြန်မာစစ်တပ်သည် ၈,၄၀၀ မှ ၁၀,၆၀၀ တိုးလာခြင်း ဖြစ်သည်။

၂၀၁၀ ခုမှစ၍ မြန်မာစစ်တပ်သည် နယ်ခြားစောင့်တပ် (BGF) ၃ ခုကို တည်ထောင်ခဲ့သည်။ အများအားဖြင့် ပြည်သူ့စစ် အဟောင်းများဖြစ်သည်။ နယ်ခြားစောင့်တပ်ကို ထိုင်းနယ်စပ် မိုင်းတုံနှင့် တာချီလိတ်တွင်၎င်း၊ လာအိုနယ်စပ်တွင် မဲခေါင်မြစ်ပေါ်ရှိ မိုင်းယောင်းတွင်၎င်း ဖွဲ့ထားသည်။ ၂၀၀၈ခုက မြန်မာစစ်တပ်သည် လက်နက်အင်အား အားလုံးကို သူ့လက်အောက်တွင် နယ်ခြားစောင့်တပ်များအဖြစ် ထားရန် မူလကြံရွယ်ခဲ့သော်လည်း ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် နယ်ခြားစောင့်တပ် အရေအတွက်မှာ နည်းပါးသဖြင့် မူလအကြံ ပျက်သည်မှာ ထင်ရှားသည်။ နယ်ခြားစောင့်တပ်ရင်း တရင်းတွင် ၃၂၅ ယောက်ရှိရမည်ဖြစ်သော်လည်း လူ ၁၀၀ ခန့်သာရှိသည်၊ အခုအခါ နယ်ခြားစောင့်တပ်ရင်း ၃ ရင်းပေါင်းပါက လူ ၂၀၀ ခန့်သာရှိသည်။ အဓိက အကြောင်းရင်းမှာ နယ်ခြားစောင့်တပ်သည် ဝင်ငွေရလမ်း နည်းပါးသော ကြောင့် ဖြစ်သည်။ယခင် ပြည်သူ့စစ်ဘ၀တွင် ပို၍ ဝင်ငွေရလွယ်သည်။ မလုံလောက်သော လစာ ကျပ် ၂၀,၀၀၀၊ မြန်မာစစ်သားလစာနှင့် ညီတူစွာ သာရသောကြောင့် စွန့်ခွါသွားကြသည်။

ပြည်သူ့စစ်အဖွဲ့ တိုးချဲ့ခြင်း

မြန်မာစစ်တပ်များတိုးလာသကဲ့သို့ ဝေးလံသော တောင်ထူထပ်သည့် ဒေသတို့ကို ထိန်းချုပ်ရန် အရံ တပ်ဖြစ်သည့် ပြည်သူ့စစ်ကိုလည်း တိုးချဲ့သည်။ ပြည်သူ့စစ်အဖွဲ့ကို အများ အားဖြင့်ကျေးရွာအုပ်စုတိုင်းတွင် ဖွဲ့သည်။ ထိုဒေသရှိ ရွာတရွာစီ မှ လူတချို့စီပါ ဝင်သည်။ ခေါင်းဆောင်ကို မြန်မာ စစ်တပ်မှ ခန့်ပြီး ဩဇာတော်တော်ရှိသည်။ ဒေသရှိ ရွာလူကြီးကိုပင် လွှမ်းမိုးသည်။ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ ပြည်သူ့စစ်ခေါင်း ဆောင် အများစုမှာ လားဟူများဖြစ်ပြီး ဆယ်စုနှင့်ချီ၍ လုပ်ကြသည်။

လွန်ခဲ့သော ၁၀ နှစ်က ပြည်သူ့စစ်အဖွဲ့ ၆၈ ခုတွင်လူ ၂,၃၀၀ ခန့်သာရှိသည်။ ယခုအခါ ပြည်သူ့စစ်အဖွဲ့ ၈၈ ခုရှိခါ လူ ၃,၄၀၀ ရှိသည်။ အမိက တိုးပွါးသည့်နေရာ မိုင်းဖြတ်တွင်ပြီး တည်ရှိစဲ ပုံမှန်ပြည်သူ့စစ် ၅ ခုကို "အထူးကွန်မန်ဒို" ၅ ဖွဲ့နှင့်ပေါင်းခါ ပြည်သူ့စစ် အဖွဲ့ကြီးအဖြစ်ဖွဲ့လိုက်သည်။ မူလက အင်အား ၂၅၀ ခန့်ရှိသည်။ အသစ်ထပ်ဖွဲ့လိုက်သော ပြည်သူ့စစ်မှာ အင်အား ၇၀၀ ခန့်ရှိပြီး ခေါင်းဆောင်မှာ လားဟူလူမျိုး ကျာဆုဘို ဖြစ်သည်။ ထိုအုပ်စုသည် မိုင်းဖြတ်ရှိ တောင်ပေါ် ဒေသသာမက တာချီလိတ်၊ကျိုင်းတုံ အပိုင်း တချို့တွင်လည်း လှုပ်ရှားသည်။ ကျာဆုဘိုသည် ယခင်က ပြည်သူ့စစ် "အထူးကွန်မန်ဒို" အဖွဲ့ကို ဒုတပ်ချုပ် ဗိုလ်ချုပ်မောင်အေး အမိန့်ဖြင့်၂၀၀၃ ခုနှစ်က ထောင်ခဲ့သည်။ စစ်တပ်လှုပ်ရှား ရာတွင် ပူးပေါင်းပါဝင် ရန်အတွက် ဖြစ်သည်။

တခြားကြီးကြီးမားမား တိုးပွါးသည့်နေရာမှာ မိုင်းပြင်း တွင် ဖြစ်သည်။ ပြည်သူ့စစ်အဖွဲ့ ၅ ခုရှိရာမှ ၂၂ ခုဖြစ်လာသည်။ ထိုကြောင့် မြန်မာစစ်တပ်က UWSA တောင်ပိုင်းနှင့် မြောက်ပိုင်းနယ်နိမိတ်တို့ ဆက်သွယ်ရာ လမ်းပေါ်ရှိ ဗျူဟာကျသည့် နေရာတို့ကို ပိုချုပ်ကိုင်လာနိုင်သည်။

UWSA ထိန်းချုပ်သည့်ဒေသ အနီးရှိ မိုင်းဆတ်နှင့် မိုင်းတုံတွင် ပြည်သူ့စစ်အဖွဲ့ အသစ် ၃ ဖွဲ့ကို ဖွဲ့လိုက်သည်။ ၂၀၁၆ ခုနှစ် ဧပြီလက ကျိုင်းတုံရှိတရိုက်ဒေသတိုင်းမှူးက မိုင်းဆတ်ပြည် သူ့စစ် တို့ကို UWSA အားတိုက်ဖို့ ပြင်ဆင်ထားရန် ပြောသည်။

ကျိုင်းတုံ မြောက်ပိုင်းတွင် ပြည်သူ့စစ်အဖွဲ့ သစ်နှစ်ခုထပ်ဖွဲ့သည်။ အမျိုးသား ဒီမိုကရစ် မဟာမိတ် တပ်မတော် (NDAA – မိုင်းလ အဖွဲ့လည်းခေါ်သည်ထိန်းချုပ်သည့်နယ်မြေ နှင် ကပ်လျှက် ဖွဲ့စည်းခြင်း ဖြစ်သည်။ ထို NDAA တွင် အများအားဖြင့် ရှမ်းနှင့် အခါ များပါဝင်သည်။) တခြား ပြည်သူ့စစ်အဖွဲ့ နှစ်ဖွဲ့မှာ တာချီလိတ်မြို့နယ် တာလေတွင် ဖွဲ့သည်။ ဒေသတွင်းရှိ တခြားပြည်သူ့စစ် အဖွဲ့ငယ်များကို ထိန်းချုပ်နိုင် ရန်ဖြစ်သည်။

တာချီလိတ် ခရိုင်တွင်ရှိသည့် ယခင် မိန်းတိုင်းတပ်မတော် (MTA) အဖွဲ့ဝင်ဟောင်းများဖြင့် ဖွဲ့ထားသော ပြည်သူ့စစ်နစ်ဖွဲ့မှာ ယခင်အတိုင်း သာရှိသည်။ စုစုပေါင်း အင်အား ၄၀၀ ခန့်ရှိသည်။ ထိုအဖွဲ့ကိုယခင် MTA ဖွဲ့ဝင်ဟောင်းများက ဦးဆောင်သည်။ MTA သည် ၁၉၉၆ တွင် လက်နက်ချခဲ့သည်။ MTA ကောင်းစားစဉ်က ရရှိထားသည် စီးပွါးရေး အဆက်အသွယ်ကြောင့် ဤအဖွဲ့နစ်ခုသည် ပုံမှန်လားဟူ ပြည်သူ့စစ်များထက် ချမ်းသာခါ ဩဇာရှိကြသည်။ သူတို့သည်ဒေသရှိ မြန်မာစစ်တပ်အရာရှိများနှင့် အနီးကပ် အဆက်အသွယ်ရှိကြသည်။ထိုပြည်သူ့စစ် အဖွဲ့မှ ခေါင်းဆောင် တဦးဖြစ်သူ ရီရှဲသည် သမတဟောင်း သိန်းစိန် (ယခင် တရိဂံတိုင်းမှူး အဖြစ် ကျိုင်းတုံတွင် ၁၉၉၆ မှ ၂၀၀၁ အထိနေခဲ့သည်။) နှင့် အလွန်ရင်းနှီး ကြသည်။ သမတဖြစ်ပြီး သည့်နောက် သိန်းစိန်သည် ကျိုင်းတုံတွင် ရောက်တိုင်း ရီရှဲနှင့် တွေ့ဆုံရန် အမြဲစီစဉ်ခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ တိုးချဲ့ခြင်း

တဖက် လက်နက်ကိုင် အဖွဲ့တွေကလည်း အင်အားသိသိသာသာ တိုးလာကြသည်။ ၁၉၈၉ က အပစ်ရပ်ခဲ့သည့် NDAA သည် လွန်ခဲ့သည့် ၁၀ နစ်အတွင်း အင်အား ၃,၀၀၀ မှ ၅,၀၀၀ သို့တိုးလာသည်။ ဤသို့တိုးလာမှုမှာ ၂၀၀၈ ဖွဲ့စည်းပုံက NDAA ၏ ထိန်းချုပ်နယ်မြေ ယခင်က အထူးဒေသ ၄ အဖြစ် ကိုယ်ပိုင်အုပ်ချုပ်သော ဒေသကို အသိအမှတ် မပြုသည့်အတွက် မကျေနပ်၍ ဖြစ်ဖွယ်ရာရှိသည်။ NDAA သည် မိုင်းလား ခရိုင်တခုလုံး၊ မိုင်းယန်း တစိတ်တပိုင်း၊ တရုတ်နှင့် လာအိုနယ်စပ်တ လျှောက် မိုင်းယောင်းခရိုင် ကို ထိန်းချုပ်သည်။ ဤနယ်မြေများကို ကာကွယ်ရန်အတွက် NDAA သည် သူ့တပ်အင်အားကို တိုးချဲ့သည် အထူးသဖြင့် မြန်မာအစိုးရ ထိန်းချုပ်သည့် နယ်စပ်တွင် ဖြစ်သည်။

၁၉၈၉ မှစ၍ အပစ်ရပ်ထားသည့် UWSA ကလည်း သူ့စစ်အင်အားကို တောင်ပိုင်း တွင် တိုးချဲ့ခဲ့သည်။ ၃,၀၀၀ ရှိရာမှ ၄,၀၀၀ အထိတိုးခဲ့သည်။ ဝ တောင်ပိုင်းဒေသကို တဖြေးဖြေး တိုးချဲ့ခဲ့သည်။ယခုအခါ မိုင်းတုံ ခရိုင်တဝက်လောက်ကို သိမ်းထားသည်။ အင်အားအသစ်တို့ကို မြောက်ပိုင်း ဧရိယာမှ အောက်ဘက်တွင် ချထားသည်။





၂၀၀၆ ခုမှ ၂၀၁၆ အတွင်း လက်နက်ကိုင်အင်အားစုတို့ ထိန်းချုပ်ရာနေရာ အပြောင်းအလဲကို ပြ သည့်မြေပုံ။

UWSA သည် မြန်မာစစ်တပ်၏ စစ်ရေး အရဖိလာမည်ကို ခုခံရန် ပြင်ဆင်ပုံရသည်။ မြန်မာစစ်တပ်ကလည်း လွန်ခဲ့သည့် ၁၀ နှစ်အတွင်းတွင် ရှမ်းပြည်တောင်ပိုင်းရှိ ဝ တပ်တို့ကို မြောက်ပိုင်းရှိ ဝတို့ထိန်းချုပ်ရာ ဒေသသို့ ဆုတ်ခွါရန် ထပ်ခါတလဲလဲ အမိန့်ပေးခဲ့သည်။ အမှန်တကယ် မြောက်ပိုင်းရှိ UWSA ထိန်းချုပ်ရာဒေသမှာ ၂၀၀၈ ဖွဲ့စည်းပုံ အရသတ်မှတ်ပေး သည်ထက် ပို၍ကြီးမားနေသည်။



မြေပုံတွင် ၂၀၀၈ ဖွဲ့စည်းပုံက ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ဇုံ/ တိုင်း ကိုပြသထားသည်။ *(မူရင်း - မြန်မာ့ သတင်းကြီး ကြပ်ရေး ဌာန)*

UWSA ကို မြောက်ပိုင်း ပြန်ရန် ပေးထား သည့်အမိန့်ကို ၁၉၉၉ - ၂၀၀၁ ခုတွင် ပြောင်းပြန်လှန်လိုက်သည်။ UWSA မြောက်မှ လူ ၁၂၆၀၀၀ ဦးကို ရှမ်းပြည် တောင်ပိုင်းတွင် ပြန်လည်နေ ရာချထားရန် မြန်မာစစ်အစိုးရက ခွင့်ပြုခဲ့သည်။ ("မူးယစ်ဆေး တိုက်ဖျက်ရေး" အစီအစဉ်ဟု ဆိုသော် လည်း တောင်ပိုင်းရှမ်းနယ်စပ်ရှိ MTA ၏သြဇာကို ထိန်းညှိ ရန်အတွက် ဖြစ်သည်။) နေရာချထား မှုသည် ဝ လူထုကိုအဓမ္မ ရွှေ့ပြောင်းခိုင်းသဖြင့် အကြီးအကျယ် ဒုက္ခရောက်စေသည်။ ၄,၀၀၀ ခန့်မှာ ငှက်ဖျားနှင့် တခြားရောဂါ ကြောင့်သေဆုံးရသည်။ (ဝ တို့သည် မကြုံဘူး သေးသည့် တောင်ပိုင်းရှိ ပူနွေးသော ရာသီဥတု ကြောင့် ဖြစ်သည်။) ထို့အတူ တောင်ပိုင်းရှိ ဒေသခံ ရှမ်း၊လားဟူနှင့် အခါ ရွာသား ၅၀,၀၀၀ ခန့်မှာ ဒုက္ခရောက်ကြရသည်။ ထောင်ချီသောလူများလည်း သူတို့ နေရပ်မှ ပြောင်းရွှေ့ခံရသည်။

ထိုင်းနယ်စပ်အနီးမိုင်းတုံတွင် ၂၀၁၅ အလည်က မြန်မာစစ်တပ်နှင့် UWSA အကြား တင်းမာမှုဖြစ် ပေါ်ခဲ့သည်။ UWSA နှင့်နီးနွယ်သည့် သစ်လုပ်ငန်းလုပ်သူများ ကို မြန်မာစစ်တပ်မှ ဖမ်းဆီးလိုက်ခြင်းကြောင့် ဖြစ်သည်။ တင်းမာမှု အရှိန်မြင့်လာသည် နှင့်အမျှ UWSA က မိုင်းဆတ်မြို့ကို တိုက်ရန် ဝိုင်းလိုက်သည်။ တရိုဂံတိုင်းမှူးက UWSA နှင့် ပဋိပက္ခရေး အရတွေ့သည်သို့ သော် ပြဿနာက မငြိမ်း။ နေပြည်တော်မှ အဆင့်မြင့် စစ်တပ်ကိုယ် စားလှယ်များ လေယာဉ်နှင့်လာခါ ညှိနှိုင်း မှ သဘော တူညီချက်ရခါ စစ်ရေးတင်းမာမှုကို ပြေပျောက်စေ ခဲ့ရသည်။

တောင်ပိုင်းတွင် UWSA ၏ စစ်အင်အား တည်ဆောက်မှုမှာ မိုင်းထ ဒေသ (မိုင်းတုံမြို့နယ် အနောက် တောင်ဘက်) အတွင်း RCSS နှင့် နယ်မြေ အငြင်းပွါး မှုနှင့်လည်း ဆက်စပ်နေသည်။ ၂၀၁၂ ခု ဇန်နဝါရီလတွင် RCSS က ပြည်ထောင်စု အဆင့် အစိုးရနှင့် အပစ်ရပ် လက်မှတ်ထိုး သောအခါ RCSS၏ ဌာနချုပ်ကို နယ်စပ်ဒေသရှိ မိုင်းထ နှင့် (မိုင်းထ အနောက်ဘက်) ဟိုမိန်းတွင်ထားရန် ခွင့်ပြုခဲ့သည်။ မိုင်းထတွင် အခြေပြုသော UWSA နေရာကို တိုက်ရိုက် ယှဉ်လိုက်ခြင်း

၁၉၉၉ ခု မှ - ၂၀၀၁ ခု အတွင်း ဝ များ အစမ္ဗ ရွှေ့ပြောင်းခံရပုံ ပြ မြေပုံ
(LNDO ၏ ၂၀၀၂ ခုအစီရင်ခံစာ - Unsettling Moves "အတည်မကျသည့် ရွှေ့ပြောင်းမှုများ" - မှ)



ဖြစ်သည်။ UWSA ကလည်း သူတို့ထိန်းချုပ် ရာနယ်မြေကို အခိုင်အမာခံကတုတ် ဆောက် လူအင်အားတိုး၍ ထားတော့သည်။

အမှန်တကယ်တွင် မြန်မာအစိုးရသည် မိုင်းထဒေသ(နှင့် ဟိုမိန်းဒေသ) ကို RCSS ထိန်းချုပ်နယ်မြေအဖြစ် အပစ်ရပ်သ ဘောတူညီချက်တွင် ကတိအတိုင်း ဘယ်အခါကမှ မပေးအပ်ခဲ့ ပေ။ထို ကြောင့် RCSS ကလည်း မိုင်းတုံထဲသို့ မဝင်ခဲ့ချေ၊ သို့သော် ၂၀၁၅ ခု နှစ်လည်လောက်ကစပြီး မြောက်ဘက်ရှိ မိုင်းပြင်းဘက်သို့ တိုးချဲ့လာသည်။ RCSS စစ်သား ၅၀၀ ခန့် သံလွင်ကိုဖြတ်ပြီး မိုင်းပြင်းဘက်ကို ရွှေ့လာသည်။ မိုင်းပြင်းနှင့် ကျိုင်းတုံအကြားရှိ တုံတာ တွင် စခန်းတခုတည်သည်။ တုံတာမှာ မြောက်နှင့်တောင် နယ်နမိတ်ကို သွားလာရာတွင် UWSA တပ်များ အသုံးပြုသည့် အချက်အခြာမြို့ ဖြစ်သည်။ ဤသို့သောနေရာကို RCSS အား တိုးချဲ့ရန် ခွင့်ပြုလိုက်သည်မှာ သွေးခွဲအုပ်ချုပ် သည့်နည်းသုံး၍ RCSS ကို UWSA နှင့် တိုက်ပေးခြင်း သာဖြစ်ပေသည်။

၂) မူးယစ်ဆေးနှင့် တိုက်ပွဲများ အဆက်အစပ်

ရှမ်းပြည်အရှေ့ပိုင်းတွင် စစ်ရှိန်မြှင့်တင်ခြင်းသည် အကုန်အကျ အလွန်များပါသည်။ ရှိပြီးစစ်သားများ၊ စစ်သားသစ်များ အားလုံးထောင်ချီကိုကျွေးရန်၊ ဝတ်ဆင်ရန်၊ လက်နက်တပ်ဆင်ရန် များစွာငွေလိုအပ်ပါသည်။ မြန်မာစစ်တပ်ကို အမျိုးသားဘတ်ဂျက်က ထောက်ပံ့နေသော်လည်း ပြည်သူ့စစ်တို့မှာ ကိုယ်ဝင်ငွေကိုရှာနေရသောကြောင့် ကုန်ကူးခြင်း၊ အခွန်ကောက်ခြင်းများလုပ်ရသည်။ ဤလူခေါင်သည့် တောတောင်ထဲတွင် အမြတ်အများဆုံး ကုန်သွယ်မှုမှာ မူးယစ်ဆေး ရောင်းဝယ်ရေး ဖြစ်သည်။

အောက်တွင် ဖေါ်ပြသော မြေပုံမှာ ၂၀၁၅ UNODC မှ ဘိန်းစိုက်ပျိုးနေရာပြ မြေပုံ (UNODC ၏ အရှေ့တောင်အာရှ ဘိန်းလေ့လာမှု မှ)နှင့် ရှမ်းပြည် ရှေ့ပိုင်း မြို့နယ် ၈ ခု တွင် နိုင်ငံရေးအရ ထိန်းချုပ်ပုံပြ မြေပုံကို နှိုင်းယှဉ်ပြသထားသည်။ ဘိန်းအစိုက်ဆုံးဒေသမှာ (အရောင်နှင့် ချယ်ပြထားသည်) အစိုးရနှင့် ပြည်သူ့စစ်တို့ ထိန်းချုပ်ရာ နေရာဖြစ်သည်ကို အထင်အရှားမြင်နိုင်သည်။

ရှမ်းပြည်နယ်အရှေ့ပိုင်း UNODC ပြဘိန်းစိုက်ဒေသမြေပုံနှင့် နိုင်ငံရေးအရ ထိန်းချုပ်ပုံပြ မြေပုံ။

ဘိန်းအများဆုံးထွက်ရာပြ UNODC မြေပုံ
(မှုရင်း -၂၀၁၅ အရှေ့တောင်အာရှ ဘိန်း လေ့လာချက်)



၃) မြန်မာ့စစ်တပ်က မူးယစ်ဆေး ရောင်းဝယ်မှုကို မှီခိုနေခြင်း

ပြည်သူ့စစ်တို့မူးယစ်ဆေးရောင်းဝယ်မှုကိုမှီခိုခြင်းစဖွဲ့စည်းစဉ်ကသေနတ်နှင့်ကျည်ဆံတချို့ပေးသည်မှအပ မြန်မာ စစ်တပ်ပြည်သူ့စစ်တို့သည် လစာမရကြ ပေ၊အစိုးရမှ ထောက်ပံ့မှုမပေးပေ။ သူတို့ဘာသာသူတို့အဖွဲ့ဝင်တို့အတွက် လက်နက်နှင့်ကျည်ဆံ ဖြည့်စည်း နိုင်ရန်ဝင်ငွေရှာရသည်။

တချို့နေရာများတွင် သစ်လုပ်ငန်း၊ သတ္တုတွင်းလုပ်ငန်း၊ ကျွဲနွားမှောင်ခိုခိုးထုတ်ခြင်းလုပ်မှ အခွန် ကောက် ၍ ဝင်ငွေရှာသည်။ ဒါပေမဲ့ ဒေသအားလုံးရှိပြည်သူ့စစ်များ၏ အဓိကဝင်ငွေမှာ မူးယစ်ဆေး ရောင်းဝယ်ခြင်းသာဖြစ်သည်။

မူးယစ်ဆေးရောင်းဝယ်ခြင်း၊ တရားမဝင်သစ်ထုတ်လုပ်ခြင်း၊ ကျွဲနွားမှောင်ခိုရောင်းဝယ်ခြင်းတို့မှာတရား မဝင် လုပ်ငန်းများသာဖြစ်သည့်တိုင် ဤ လုပ်ငန်းများတွင် ပြည်သူ့စစ်များ ဆယ်စုနှစ်ချီပတ်သက်နေမှုကို သိသော်လည်း လုံခြုံ ရည်မှန်းချက်ကြောင့် မမြင်ချင်ယောင်ဆောင်နေခဲ့ကြသည်။ ထိုလုပ်ငန်း အထူးသဖြင့် မူးယစ်ဆေးလုပ်ငန်းမှ ဝင်ငွေသည် ပြည်သူ့စစ်တို့အတွက် နေ့စဉ် သုံး စားရိတ်သာမက ပြည်သူ့စစ်ခေါင်းဆောင်တို့ အတွက် ကြီးမားသောဝင်ငွေကို ရစေသည်။ထိုအကြောင်းကြောင့် မြန်မာစစ်တပ်အပေါ် သစ္စာစောင့်သိမှုကို ခိုင်မာစေသည်

ပြည်သူ့စစ်များက မူးယစ်ဆေးချက်ရုံများကို တိုက်ရိုက် မလုပ်ကိုင်ပေ၊ မူးယစ်ဆေး ထုတ်သူများက ထိန်းချုပ်လုပ်ကိုင်သည်။ အများအားဖြင့် တရုတ်များဖြစ်သည်။ ပြည်သူ့စစ်များက မူးယစ်ဆေး ချက်ရုံများအတွက် လက်ခံထားခြင်း၊ လုံခြုံရေးယူပေးခြင်းကိုလုပ်ပေးသည်။ မူးယစ်ဆေး ရောင်းဝယ်မှုမှ နည်းအမျိုးမျိုး ဖြင့် အမြတ်ရကြသည်။

ဘိန်းထွက်ရှိမှုအပေါ် အခွန်ကောက် ခံခြင်း။
ဘိန်းစိုက်သူအားလုံးလိုလိုက ထွက်ရှိသည် ဘိန်းအလိုက် သူတို့ဒေသရှိ ပြည်သူ့စစ်ကို အခွန်ပေး ရသည်။ ကျေးရွာအုပ်စု အနည်းစုသာ ကျေးရွာ အုပ်စု အုပ်ချုပ်ရေး မှူးများကို ယခုအခါ ဘိန်းခွန်ပေးရသည်။ (နောက်ဆုံးအပိုင်း)ရွာတိုင်းတွင်ပေးရသည့် ဘိန်းခွန်နှုန်းမှာအတူတူပင်ဖြစ် သည်။ ဘိန်းစိုက် ဧရိယာပေါ် မူမတည်ပေ။ ဘိန်းစိုက်သည် အိမ်ထောင်စုသည် အခွန်အဖြစ် ပင်ပေါင် ဘော့လုံးခန့် ဘိန်းစိမ်း တလုံး ပေးရသည်။ (ခန့်မှန်းခြေ ၃၀၀၀၀ ကျပ်၊ ဒေါ်လာ-၃၀) ထိုဘိန်းတို့ကို စု၍ပြည်သူ့စစ်ကယူခါမူးယစ်ဆေးချက်မည့် သူတို့ကိုရောင်းပေးလိုက် သည်။

ဘိန်းရောင်းခြင်းကို ထိန်းချုပ်ရာမှ ရသည့် အမြတ်

ပြည်သူ့စစ်တို့သည် သူတို့ကြီးစိုးရာဒေသရှိ ဘိန်းစိုက်သူများဘိန်းရောင်းဝယ်မှုကို ထိန်းချုပ်သည်။ တချို့ ပြည်သူ့စစ်တို့က ထွက်သမျှဘိန်းစိမ်းကို သူတို့ထံရောင်းရန် တင်းကြပ်ထားသည်။ ထိုမှ တဆင့် အမြတ်တင်ခါ သူတို့နယ်မြေရှိ မူးယစ်ဆေး ချက်လုပ်သူတို့ထံ ပြန်ရောင်းသည်။ ချက်လုပ် သူများ သူတို့ဒေသတွင် မရှိပါက တခြားဒေသရှိ ချက်လုပ်သူတွေထံရောင်း သည်။ ပြည်သူ့စစ် အဖွဲ့ ၈၆ ဖွဲ့ရှိသည့်အနက် ၁၀ ဖွဲ့မှာ မူးယစ်ဆေး ချက် စက်ရုံများရှိကြ သည်။ တနေရာတည်းတွင် မူးယစ်ဆေး ချက်စက်ရုံ ၁၀ မျှ ရှိနိုင်သည်။

ဘိန်းချက်စက်ရုံသို့ရောင်း၍ ရသော အမြတ်မှ တပိဿလျှင် ၁,၀၀၀ မှ ၂,၀၀၀ ဘတ် (ဒေါ်လာ ၃၀-၆၀) ရသည်။ ဘိန်းတခါလျှင် ပိဿာ ၁၀၀,၀၀၀ ထက်မလျော့ပေ။ ဘိန်းတခါချက် ပါက ပြည်သူ့စစ်တို့က ဘတ် ၂၀၀,၀၀၀ (USD ၆,၀၀၀) ရသည်။

တချို့ ပြည်သူ့စစ်တို့က ဘိန်းစိုက်သူတို့ကို ဘိန်းရောင်းပေးရန်မပြောချေ။ ဘိန်း ဝယ်သူတို့ထံမှ အခွန်ကောက်သည်။ ထိုအခွန်မှာ တပိဿလျှင် ဘတ် ၁,၀၀၀ (USD ၃၀) ဖြစ်သည်။

ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ဖမ်းဆီးမိသော မူးယစ်ဆေးထုပ်များကို စစ်ဆေးနေပုံဖေဖါ်ဝါရီလ ၂၀၁၂ ပုံ

ဖမ်းမိ မူးယစ်ဆေးများကို ရောင်းရာတွင် ခိုင်နူန်း ကောက်ခြင်း

ပြည်သူ့စစ်တို့သည် မြန်မာစစ်တပ်မှ ဖမ်းမိသော ဘိန်း သို့မဟုတ် စိတ်ကြွဆေးများကို ရောင်းရာတွင် လည်း အပို ဝင်ငွေရရှိသည်။ မူးယစ်ဆေးများကို ဖမ်းမိသောအခါ မြန်မာစစ်တပ်မှ လူတွေသည် ကိုယ်ပိုင်ဝင်ငွေ ရပေါက်ရလမ်း အခွင့်အရေး အဖြစ် ပြန်ရောင်း ကြသည်။ ထိုသို့ရောင်းရာတွင် ပြည်သူ့စစ်တို့ကို အားကိုးပြီး ဝယ်လက်ကိုရှာရသည်။ ပြည်သူ့စစ်က ရောင်းရလျှင် သူတို့အတွက် ၁၀% ယူသည်။

ဘိန်းချက်ရုံတွင် အရင်းအနှီးစိုက် ခြင်း

ပြည်သူ့စစ်တို့က ဘိန်းချက်ရုံများကို တိုက်ရိုက် မလုပ်ကိုင်သော်လည်း ဘိန်းချက်သူတွေက သူတို့ ဘိန်ချက်ရုံကို စောင့်ပေးရန် ပြောကြသည်။ ဘိန်းကို ချက်၍ ထုတ်လုပ်သည့် စိတ်ကြွဆေး တခါထွက် ရှိလာမှုအပေါ် အရင်းအနှီးမြှုတ်ရန် လည်းခေါ်ကြသည်။ ဥပမာ အားဖြင့် အရင်းအနှီးအားလုံးပေါင်း ဘတ် ၁၀ သန်း (USD ၃၀၀,၀၀၀) ဆိုပါက ပြည်သူ့စစ်ကို ဘတ် တသန်း (USD ၃၀,၀၀၀) တည့်ရန် ပြောဆိုတတ်ကြသည်။ ဤသည်မှာ ဘိန်းချက်ရာတွင် ပြည်သူ့စစ်တို့၏ သစ္စာရှိမှုကိုရယူခြင်းဖြစ်သည်။ အရာရာကို လုံခြုံစေရန် ကြိုတင်ကာကွယ်မှုများ ကောင်းကောင်းလုပ်ကြသည်။ ဘတ်တသန်း အရင်းအနှီးထည့်ခြင်းကြောင့် ပြည်သူ့စစ်က အမြတ် ဘတ် ၂၀၀,၀၀၀ (USD ၆,၀၀၀) ခန့်ရလိမ့်မည်။

ဘိန်းချက်ရုံများသည် ရွှေ့ပြောင်းနေသည်။ ဝေးလံသီခေါင်သည့် လူမရောက်သော နေရာ၊ ရေရနိုင်မည့် နေရာတွင် ယာယီတဲ ဆောက်၍ချက်ကြသည်။ ဘိန်းချက်ရာတွင် သုံးသည့်ကရိ ယာများ၊ အစပျိုး အသုံးချသည့် ဓါတုဗေဒ ဆေးများ၊ ဓါတ်ငွေ့မီးဖိုများကို ဘိန်းချက်မည့်နေရာသို့ သယ်ဆောင်သွားရခါ ဘိန်းချက်ရာတွင် အသုံးပြုကြသည်။ တနေရာတွင် တပတ်နှစ်ပတ်ခန့် ထက် ပို မကြာပေ။ ပြီးနောက် ချက်ရုံကို ဖြုတ်၍ ပြောင်းရွှေ့သွားပြန်သည်။ ပြည်သူ့စစ် အနည်းငယ်လောက်သာ တကြိမ်ဘိန်း ချက်နေစဉ် အကူအညီပေးရသည်။ ပြည်သူ့စစ် ၂၀-၃၀ က ဘိန်းချက်ရုံရှိရာမှ ကီလိုမီတာ တဝက်ခန့် ပတ်ဝန်းကျင်တွင် စောင့်ပေးရသည်။ ထိုနေရာသို့ ဝင်လာ သူတိုင်းကို သတ်သည်၊တခါတရံ နှိပ်စက်ပြီးသတ်သည်။

ထွက်ရှိလာသည့် ပစ္စည်းကို သယ်ရာတွင် လုံခြုံရေး ယူပေးရခြင်း

ထုတ်လုပ်လိုက်သည့် မူးယစ်ဆေးကို ချက်လုပ်ရာနေရာမှ ဖြန့်ဝေမည့်နေရာသို့ ပို့ဆောင်ရန် လိုအပ်ပါသည်။ ဤ အလုပ်အတွက် မူးယစ်ဆေးရောင်းသူတွေက ပြည်သူ့စစ်တွေကို ငှါးပါသည်။ သယ်ဆောင် ရမည့် အရည်အတွက်ပေါ် လိုက်၍ ပြည်သူ့စစ်ခေါင်းဆောင်က သယ်ဆောင် ခအားလုံးအတွက် ငွေရပါသည်။ သယ်ဆောင် ပေးသည့် ပြည်သူ့စစ် တဦးချင်းကိုလည်း စွန့်စား ရသောကြောင့် အခကြေးငွေ ပေးရပါသည်။ အထူးသဖြင့် မူးယစ်ဆေးကို ခြေလျှင် သယ်ရ သည့်အခါတွင် ဖြစ်သည်။

ဥပမာအားဖြင့် စိတ်ကြွဆေးပြား ၈၀,၀၀၀ ခန့်ပါ ရှိသော ကျောပိုးအိတ် တအိတ်ကို ထိုင်းနယ် စပ်ကို ဖြတ်ပို့သည် ဆိုပါစို့။ ပြည်သူ့စစ်ခေါင်းဆောင်က ၁၀,၀၀၀ ဘတ် (USD 300) ရမည်။ သယ်ပေးမည့် သူက ဆေးပြားတပြားအတွက် ၁ ဘတ် / ၂ ဘတ်ရမည်။ ထို့ကြောင့် ၈၀,၀၀၀ - ၁၆၀,၀၀၀ ဘတ် (USD ၂,၃၀၀ - ၄,၆၀၀) ရမည်။

၄) မြန်မာစစ်တပ်နှင့် တခြား ဗဟိုအစိုးရ အရာရှိ တို့ကို လာဒ်ပေးခြင်း

ပြည်သူ့စစ်တွေကို အများအားဖြင့် မူးယစ်ဆေးလုပ်ငန်းတွင် လွတ်လွတ်လပ်လပ် လုပ်စေသော် လည်း ဤလုပ်ငန်းသည် တရားဝင် မဟုတ်သောကြောင့် အချိန်မရွေး အဖမ်းခံရနိုင် သည်။ ထို့ကြောင့် ပြည်သူ့စစ်ခေါင်းဆောင်များက ဒေသခံ မြန်မာစစ်တပ် အရာရှိကြီးများကို အောက်ခြေအရာရှိငယ်များမှ တဆင့် ပုံမှန် ငွေကြေးနှင့် လက်ဆောင်များ ပေးလေ့ရှိသည်။ "မြန်မာစစ်တပ်က တပ်ကြပ်ကြီးများက ပုံမှန်လာပြီး ဟိုဟာလို့ ဒီဟာလိုလို့ ဆိုပြီးလာ လာတောင်းတယ်။ ဒါကလည်း ဝင်ငွေကြီးတခုဘဲ" လို့ တာချီလိတ်ရှိ ပြည်သူ့စစ်အဖွဲ့ဝင် တယောက် ကပြောသည်။

ထို့ကြောင့် တခြားရွာများတွင် ပြည်သူ့စစ်မဟုတ်ဘဲ ဘိန်းခွန်ကောက်သော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့ကမူးယစ်ဆေးလုပ်ငန်း လုပ်ကိုင်မှုကို မမြင်ယောင်ဆောင်ရန် အုပ်ချုပ်ရေး အပိုင်းအား လာဒ်ထိုးထားရသည်။ အုပ်ချုပ်ရေးမှူး ဆိုသူတို့မှာလည်း အများအားဖြင့် ဩဇာရှိသော စီးပွါးရေးသမားများဖြစ်ခါ မြန်မာစစ်အာဏာပိုင်များနှင့် အဆက်အသွယ်ကြောင့် ထိုရာထူးကိုရနေခြင်းဖြစ်သည်။ မူးယစ်ဆေးရောင်းဝယ်မှုမှ ရသည့် ဝင်ငွေကြောင့် လိပ်ပြာ မလုံမဖြစ်တော့ပေ။

ပြည်သူ့စစ်၊ မြန်မာစစ်တပ်၊ (အများအားဖြင့် စစ်တပ်ကျောထောက်နောက်ခံ ပြုသော ကြံ့ ခိုင် ဖွံ့ ဖြိုး ရေးပါတီ ဝင်များဖြစ်သော) ကျေးရွာအုပ်ချုပ်ရေးမှူးတို့၏ ပေါင်းစည်းလုပ်ဆောင်မှုကြောင့် ၂၀၁၅ ခု နိုဝင်ဘာလ ရွေးကောက်ပွဲတွင် ကြံ့ဖွံ့ ပါတီက ရှမ်းပြည်အရှေ့ပိုင်းတွင် အများစု အနိုင်ရခြင်း ဖြစ်သည်။

၂၀၁၅ ခုရွေးကောက်ပွဲတွင်ကြံ့ဖွံ့ပါတီက ရှမ်းပြည် အရှေ့ပိုင်းတွင် အများစု အနိုင်ရ

(ကြံ့ဖွံ့ - အစိမ်း၊ NLD - အနီ)

မူရင်း ၂၀၁၅ ရွေးကောက်ပွဲရလာဒ် - မြန်မာ့သတင်းကြီးကြပ်ရေးဌာန။

၅) လက်ရှိ မူးယစ်ဆေးအခြေအနေ- မြေပြင်မှ အသံများ

အတားအဆီးမဲ့ ဘိန်းပိုမိုထွက်ခြင်း၊

ရှမ်းပြည်အရှေ့ပိုင်းတွင် ဘိန်းကို အောက်တိုဘာလတွင် စတင်စိုက်ကြသည်။ တချို့နေရာများ ဥပမာ ကျိုင်းတုံ နယ်ထဲရှိ လွယ်ဆန်ဆော့ တောင်တန်းတဝိုက်တွင် ဘိန်းစိုက်ရန်အလွန် ကောင်း သည်။ ဘိန်းကို အောက်တို၊ နိုဝင်ဘာ၊ ဒီဇင်ဘာ သုံးကြိမ်အထိ စိုက်နိုင်သည်။ နောက်ဆုံး အသုတ်ကို ဧပြီလတွင် ခြစ်ယူနိုင်သည်။ ကျိုင်းတုံ ၊တာချီလိတ်၊ မိုင်းဆတ်၊ မိုင်းဖြတ်ရှိ ဘိန်းစိုက်သူတို့ကို ၂၀၁၆ ခု အစောပိုင်းတွင် မေးကြည့်ရာ ယခင်နှစ်က ထက် ဘိန်းပိုထွက်သည်ဟု ဆိုသည်။ မိုင်းဆတ်ရှိ ဘိန်းစိုက်တောင်သူက ၂၀၁၄ - ၂၀၁၅ တွင် ဘိန်းပင်များ မသန်သဖြင့် ဘိန်းသိပ်မထွက်ဟုဆိုသည်။

ဘယ်ဘိန်းခင်းကိုမှ ၂၀၁၆ စောပိုင်းတွင် အာဏာပိုင်များ၊ လက်နက်ကိုင်အဖွဲ့များက

လာမ ဖျက်ကြ ကြောင်း ရွာသားများကပြော သည်။ စိုက်ပျိုးရာသီတွင်လည်း မည်သည့် တားဆီးပိတ်ပင် မှုမျှ မရှိကြောင်း သူတို့က ပြောသည်။ ဤသည်မှာ မိုင်းဆတ်တွင် စစ် တပ်ကျောထောက်နောက်ခံပြုထားသည့် ဒေသခံကြံ့ဖွံ့ အဖွဲ့ဝင်တို့ ၂၀၁၅ ရွေး ကောက်ပွဲတွင် မဲရသည့်နည်း တနည်း ဖြစ်သည်ဟု ရွာသားတို့က ဆိုသည်။ ကြံ့ဖွတ် တို့ က သူတို့ကို မဲထည့်ပါက ဘိန်းစိုက်ပျိုးခြင်းကို မနှောက်ယှက်ဘူး ဟု ကတိပေးခဲ့သည်။

ကချင်ပြည်နယ်တွင် လူထုအဖွဲ့အစည်း များက ဘိန်းခင်းများကို ဖျက်ဆီးသည်ဟု ကြားကြောင်း ရွာသား များကပြောသည်။ ဘိန်းတွေထွက်ခါနီးအချိန်တွင် ဖျက်ဆီး ခံရ၍ သူတို့က ဝမ်းနည်းသည်ဟုဆိုသည်။ “အပင်ပေါက်စတုန်းက ဘာကြောင့် မဖျက်တာလဲ၊ ဘိန်းက စိုက်ရလွယ်တာ မဟုတ်ဘူး၊ ဘိန်းခြစ်ချိန်က စပါးထွက်ချိန်နဲ့ တချိန်တည်းဖြစ်တယ်။ အဲဒီအချိန်မှာ အလုပ်သိပ်ရှုပ်တယ်” လို့ မိုင်းဖြတ်ရှိ ဘိန်းတောင် သူတဦးကဆိုသည်။

၂၀၁၆ ခုနှစ် ရှမ်းပြည်အရှေ့ပိုင်းတွင် ဘိန်းခင်းများ အဖျက်မခံရသော်လည်း ဘိန်းခင်း နည်းနည်းကို သာမမြင်နိုင်သည့် နေရာ၌ စိုက်ရဲသည်ဟုဆိုသည်။ ဘိန်းစိုက်ခြင်းသည် တရားမဝင်ကြောင်း သူတို့သိကြသည်။ ကျိုင်းတုံရှိ ဘိန်းစိုက်သူတဦးက “ဘိန်းစိုက်တာ

တရားမဝင်လို့ တနေရာထည်းမှာ ဘိန်းခင်း ကြီး ကြီး မစိုက်ပါဘူး။ဟိုနေရာတကွက်၊ ဒီနေရာတကွက် ခိုးပြီး သေးသေးဘဲစိုက် ရတာ၊ ချမ်းသာသွားတဲ့ လူတွေက ဘိန်း ဝယ်သူတွေဘဲ။"

ကျိုင်းတုံရှိ တခြားဘိန်းတောင်သူတဦးက "နှစ်တိုင်း ဘိန်းခွန်ပေးရတယ်။ ဒါပေမဲ့ ဘာစောင့်ရှောက်မှုမှမရ ဘူး။" ဟု ငြီးငြူသည်။

ဘိန်းတောင်သူတို့ အများသည်ပြောသည်မှာ အသက်ရှင်နေဖို့ ဘိန်းစိုက်ခြင်းကလွဲ၍ တခြားစိုက်စရာ မရှိဟု ဆိုသည်။ မိုင်းဆတ်ရှိ တောင်သူတဦးက

> *"ကျွန်တော်တို့ ကျေးရွာအုပ်စုမှာ ဘိန်းစိုက်လာတာ ကြာပြီ၊ စပါးစိုက်ဖို့ လယ် နည်းနည်းတော့ရှိတယ်။ မိသားစုတိုင်း တောင်ယာစပါး စိုက်ကြတယ်။ ဒါပေမဲ့ လူနှစ်ယောက် တနှစ်လုံး အတွက် မလောက်ဘူး၊ ဆန်ဝယ်စားဖို့ တခြား အိမ်သုံး ပစ္စည်းဝယ်ဖို့ ဘိန်းစိုက်ရတယ်။"*
> ဟုရှင်းပြသည်။

၂၀၁၆ ခု မတ်လတွင် ကျိုင်းတုံရှိ ဘိန်းတောင်သူများက ပြောသည်မှာ ဘိန်းစိမ်း တပိဿ လျှင် ၈၅၀,၀၀၀ ကျပ် ရောင်းရသည်ဟု ဆိုသည်။ မနှစ်ကမူ

"ချမ်းသာသွားတဲ့ လူတွေက ဘိန်းဝယ်သူတွေဘဲ။"

ဘိန်းဈေးက တပိဿ ၆၀၀,၀၀၀ ကျပ် သာရှိသည်ဟု ဆိုသည်။

မူးယစ်ဆေးစွဲသူများ တိုးပွါးလာခြင်း

> *"တနှစ်ထက်တနှစ် ဘိန်းနဲ့ စိတ်ကြွဆေး စွဲသူ ပိုများလာတယ်။ မြို့ထဲမှာရော ၊ တောင်ပေါ်မှာရော။ အိမ်တိုင်းအိမ်တိုင်း၊ လူကြီးလူငယ် ၊ ယောက်ျားမိန်းမ ဆေးစွဲကြတယ်။ သူခိုးတွေ ဒါးပြတွေ ပိုပိုများ လာတယ်။ အိမ်တိုင်း သူခိုးခိုးခံရမှာ ပူနေရတယ်။"*
> ဟု ကျိုင်းတုံမှ ဘိန်းစိုက်တောင်သူက ပြောသည်။

ရှာတိုင်းကိုရောက်တိုင်း LNDO ဝန်ထမ်းတို့က မူးယစ်ဆေးစွဲသည့် ပြဿနာကို ကြုံတွေ့ခဲ့ကြရတယ်။ အထူးသဖြင့် လူငယ်တွေမှာ ဖြစ်နေကြတယ်။ယခင်မေး မြန်းချက်တွေကို အခြေခံပြီး ခန့်မှန်း ချက်အရ အိမ် ထောင် ၇၀% မှာ ဆေးစွဲနေ သည်သူလူငယ်များရှိကြသည်သည်။ လွန်ခဲ့သည့် ဆယ်နှစ်က ထက် သုံးဆ ပိုများကြောင်း ခန့်မှန်းရသည်။

ဘိန်းစွဲသူများ ပိုများသည်။တချို့က စိတ်ကြွဆေး ကိုသုံးသည်။ စိတ်ကြွဆေးက ဆေးပိုကြီးသည်။ ဘိန်းတပြောင်းလျှင် ဘတ် ၂၀-၃၀ (USD ၀.၆၀-၀. ၈၅) ဖြစ်ပြီး စိတ်ကြွဆေး တပြားက ဘတ် ၃၀-၆၀ (USD ၀.၈၅-၁.၇) ဖြစ်သည်။ နေရာနှင့် မူယစ်ဆေးဝါးထုတ်ရာနှင့် အနီးအဝေးပေါ် မူတည်၍ ဈေးပေးရသည်။ မိုင်းဆတ်တွင် ဆေးတပြား ကို ဘတ် ၃၀ သာဖြစ်သော်လည်း ကျိုင်းတုံတွင် ဘတ် ၅၀-၆၀ ဖြစ်သည်။ ဆေးစွဲသူအနည်းစုသာ ဘိန်းဖြူကို သုံးကြသည်။ ရှာရ မလွယ်တာ၊ လာဟူရွာသားတွေက အပ်နှင့် ထိုးရတာကို မကြိုက်သောကြောင့် ဖြစ်သည်။

မူးယစ်ဆေးကရှာရပိုလွယ်သောကြောင့် စွဲသူတွေများလာတယ်။ လူ့အဖွဲ့အစည်း အစည်းပြေ လာ သော ကြောင့်လည်းဆေး စွဲသူများလာသည်ဟုရွာသားတွေကပြောကြသည်။ ယခင်တုန်းကယဉ်ကျေးမှုတွေအားကောင်း ပြီး၊ ဘာသာရေးက ထိန်းချုပ်ထားသည်။ ယခုအခါတွင် ပြည်သူ့စစ်တွေက ရပ်ရွာခေါင်းဆောင်တွေထက် အာဏာပိုရှိကြသည်ဟု လူကြီးသူမများက ပြောသည်။ ပြည်သူ့စစ်အဖွဲ့ဝင်များကလည်း သူတို့ဝင်ငွေတိုးစေရန် မူးယစ်ဆေးကို ဒေသတွင် အရောင်းသွက်ရန် အားပေးအားမြှောက် လုပ်ကြသည်။ ပြည်သူ့စစ်အဖွဲ့ဝင်များက သူတို့ဝင်ငွေ နည်းမည်စိုး၍ ဆေးစွဲမှု ဖြတ်ရေးကိုပင်မတားဆီးကြ။

ဆေးစွဲသူတို့က ဆေးဝယ်သုံးရန်အတွက် အစားအစာများ၊ အိမ်သုံးပစ္စည်းများကို ခိုးယူသည် အမှု မကြာခဏ တိုင်းကြားလာကြသည်။ ဆေးစွဲသူတို့သည် သူ့အိမ်နှင့် တခြားသူအိမ်မှ ပစ္စည်းများကို ခိုးရောင်းကြသည်။ "ကျမသားပစ္စည်းမခိုးနိုင်အောင် အိမ်ကိုသော့ခတ်ထားရတယ်။ဒါပေမဲ့သူက နံရံကိုကျော်တက်ပြီး အသားခြောက် တွေကို ခိုးတယ်။" ဟု ကျိုင်းတုံမှ အမျိုးသမီးတယောက် တိုင်တယ်။

မူးယစ်ဆေးစွဲပြီး ရန်ဖြစ်သည့်ကိစ္စများလည်း ရှိသည်။ ဒီနှစ် ကျိုင်းတုံက ရွာတရွာမှာ လားဟူလူငယ်တယောက်က မူးယစ်ဆေးဝယ်ဖို့ ပိုက်ဆံမပေးတဲ့ သူ့အဖေကို စိတ်ဆိုးပြီး သူ့အဖေ ဂုတ်ကို တံပိုးနှင့် ရိုက်သောကြောင့် အဖေလုပ်သူသေဆုံးရသည်။

၂၀၁၆ ခုနှစ် ဧပြီလတွင် မိုင်းဖြတ် မြို့ နယ် မိုင်းလွန်း ကျေးရွာအုပ်စု ဟိုမိန်းရွာတွင် ရှမ်းအမျိုးသားတ ယောက်က စိတ်ကြွဆေးကြောင်ပြီး ဒါးနှင့် သေနတ်တို့ဖြင့် အမျိုးသမီးနှင့် ခလေးအပါအဝင် လူလေးယောက်ကို သတ်လိုက်သည်။

ဆေးစွဲသူတွေ တိုးပွါးများပြားလာ၍ ရပ်ရွာတွေမှာ မူးယစ်ဆေးစွဲမှု ဖြတ်ပေးသည့် စခန်းများကို ဖွင့်လာရ တော့သည်။ ၂၀၁၅ ခုတွင် မိုင်းဆတ် မြို့နယ်ခွဲ မိုင်းကုတ်တွင် နတ်ကိုးကွယ်သည့် လားဟူရွာ ပူတဒ္ဒ

ဒေသခံ နတ်ဆရာတဦးက ဆေးဖြတ်စခန်း ခုကို ထူထောင်ခဲ့သည်။ တခါကုသရာတွင် တလကြာသည်၊ လူ ၂၀-၃၀ ကိုကုသပေး သည်။ ကုသရာတွင် နတ်ပူဇော်ခြင်း၊ ဘယဆေးတိုက်ကျွေးခြင်း၊ အားရှိသည့် အစာကျွေးခြင်းတို့ပါဝင်သည်။ ထိုစခန်းကို ပတ်ဝန်းကျင်ရှိ နတ်စားရွာများက ငွေကြေးဖြင့် ကူညီကြသည်။ ဆေးစွဲသည့် ယောကျ်ားမိန်းမ များ ကိုယ်တိုင် လာကြသည်။ ကုသမှုမှာ အောင်မြင်မှုရှိသည်။

ရပ်ရွာက တည်ထောင်သည့် ဘိန်းဖြတ် စခန်းသည် အစိုးရထောက်ပံ့သည့် လုပ်ငန်းများထက် ပိုမြဲ သည်။ မြန်မာစစ်တပ် တရိဂံ တိုင်းမှူးကိုယ်တိုင် ကျိုင်းတုံမြို့နယ် မိုင်းပတ်ကျေးရွာအုပ်စု လားဟူရွာ ပန်ပဲ တွင် ၂၀၁၆ မတ်လက မူးယစ်ဆေးဖြတ်သည် စခန်းကို တရားဝင်ဖွင့်လှစ်ပေးခဲ့သည်။ အနီးအနားရှိ ကျေးရွာများကို မူးယစ် ဆေးစွဲသူများရှိက ကုသခံရန် ဘိန်းဖြတ်စခန်းပို့ပေးဖို့ ရဲတပ်ဖွဲ့က အမိန့်ထုတ်သည်။ အမျိုးသမီး ၃ ဦးအပါအဝင် ဆေးစွဲသူ ၅၃ ဦး ကို လက်ခံကုသပေးသည်။ ၂၈ ရက်ကုသရ မည်ဖြစ်သော်လည်း ကုသရေးစခန်းက ရံပုံငွေ ပြတ်သောကြောင့် ရက် ၂၀ တွင် ပိတ်လိုက်ရသည်။ ချစားမှုများရှိသည်ဟု သိရပြီး စခန်းကို ပြန်မဖွင့်တော့ပေ။

ဟန်ပြ တိုက်ဖျက်ရေးများ

ရဲက မူးယစ်ဆေးအနည်းငယ် လက်ကား ရောင်းသူများကို မကြာခဏ ဖမ်းသော်လည်း ပြည်သူ့စစ်၊ အစိုးရအရာရှိကြီးများနှင့် ပတ်သက်နေသည့် အကြီးအကျယ်ရောင်း ဝယ်သူများကိုကားမိခဲသည်။ ဖြစ်တောင့်ဖြစ်ခဲ မိုင်းကုတ်မှ လားဟူ ပြည်သူ့စစ်ခေါင်းဆောင် ဦးအိုက်ထော သည်သူ့ကားထဲတွင် စိတ်ကြွဆေးပြား အမြောက် အများ၊ လက်နက်များနှင့် ၂၀၁၆ ခုမတ်လ ၄ ရက်နေ့တွင် အဖမ်းခံရသည်။ သူသည် ကျိုင်းတုံသို့သွားနေစဉ် မိုင်းခွန် စစ်ဆေးရေးဂိတ်တွင် အဖမ်းခံရခြင်းဖြစ်သည်။ ဤ အချက်က တက်လာသည့် NLD အစိုးရသည် မူးယစ်ဆေးဝါး ကို ပိုမိုတင်း ကြပ်ပုံပေါ်ပါသည်။ မည်သို့ပင်ဖြစ်စေ ၅ လကြာသောအခါ ဦးအိုက်ထောမှာ အပြစ်ပေးမခံရဘဲ ပြန်လွတ်လာခဲ့သည်။

ဘိန်းစိုက်တောင်သူမတဦး၏ အသံ

အောက်ပါအကြောင်းအရာတို့မှာ ရှုပ်ထွေးပြီး၊ ပင်ပန်းလှသော ဘိန်းစိုက်ပျိုးခြင်း၊ ကျားမ ခွဲခြား၍ အလုပ်ခွဲဝေခြင်း၊ ဘိန်းထွက်ရှိရန် အမျိုးသမီးများ ပင်ပင်ပန်းပန်းလုပ်ပုံ၊ တခါတရံ ဘိန်းရှုမိပုံနှင့် ဘိန်းရောင်း ရာတွင် ဘေးဖယ်ခံရပုံကို ဖေါ်ပြထားသည်။ ဤ အဖြစ်အပျက်က ယနေ့လားဟူ လူ့အဖွဲ့အစည်း အခြေအနေကို ထင်ဟပ်ဖေါ်ပြသည်။ ယောက်ျားတို့က အိမ်ဦးနတ်အဖြစ် ခံယူထားခါ အပြင်လောကတွင် အရာရာကို ချုပ်ကိုင်ထားပုံ ကိုလည်း ဖေါ်ပြသည်။ ထိုဒေသမှ အာဏာရှိ ပြည်သူ့စစ်တို့၏ စိတ်ထားဖြစ်သည်။ သူတို့မှာ အားလုံးယောက်ျားများဖြစ်ကြသည်။

ကျမတို့ရွာကဘိန်းစိုက်လာခဲ့သည်မှာဘိုးဘေးစဉ်ဆက်ကစဖြစ်ပါတယ်။ အခုကျမခင်ပွန်းကမိုင်းဖြတ်မြို့နယ်ရှိရွာသူကြီးဖြစ်ပါတယ်။ ရွာအိမ်ခြေ ၂၇ အိမ်ရှိပါတယ်။တရွာလုံးဘိန်းစိုက်ကြပါတယ်။လယ်က ၂ အိမ်ဘဲရှိပါတယ်။ သူတို့ ၂ အိမ်စားစားလောက်အောင်ရကြတယ်။ ကျန်ရွာသားများတောင်ယာအနည်းအကျဉ်းလုပ်ကြတယ်စားမလောက်ကြဘူး။ ကျွဲ၊နွားတအိမ်၂-၃ ကောင် ရှိတယ်။ တောတွင်းမှာလွှတ်ကျောင်း တော့တောင်ယာကိုခြံမခတ်နိုင်ရင်နှစ်တိုင်းတောင်ယာစပါးကျွဲ၊နွားဝင်စားလို့အမှုဖြစ်ကြပါတယ်။

ဘိန်းခင်းအတွက်အောက်တိုဘာလအတွင်းအဆင်သင့်ပြင်ထားရပါတယ်။တချို့ရွာသားက စိုက် ခင်း အသစ်အတွက်နွေရာသီမှာကောင်းမယ်ထင်တဲ့နေရာမှသစ်ပင်တွေကိုခုတ်ဖြတ်ကြတယ်။မီးရှို့ရှင်းပြီး ပြောင်းဖူးစိုက်ကြတယ်။အော်တိုဘာလမှာပြောင်းဖူးချိုးပြီးအပင်ကိုတခါတည်းရှင်းပစ်ကာမြေကိုတပါ တည်းပေါက်ရပါတယ်။ အကွက်ကောင်းမြေကောင်းပါကတကေမှာဘိန်းတပိဿာသေချာပါတယ်။ အတိအကျပြောလို့မရပါဘူး။ ထင်တာနဲ့ မကိုက်ဒါများပါတယ်။

ကျမတို့မှာတောင်ယာ၄ကေရှိပါတယ်။ နှစ်တိုင်းဝက်စားဘို့ပြောင်း ၂ ကေစိုက်တယ်။ ၂ ကေကိုစပါးစိုက်တယ်။ ဘိန်းခင်းအတွက်ပြောင်းဖူးချိုးပြီးချက်ချင်းရှင်းပစ်ခြံပေါက်ရပါတယ်။ ဘိန်းစိုက်ဘို့မြေပေါက်သည်မှာစပါးစိုက်ဘို့၊ ပြောင်းစိုက်ဘို့နှင့်မတူပါ။ တောင်ယာရဲ့အနိမ့်ပိုင်းကစစခြင်းမြောင်းငယ်တပေါက်တူးစာအကျယ်၊ မျဉ်းဖြောင့်အနက်ပေါက်ထားရပါတယ်။ အဲဒီမြောင်းထဲကိုအထက်ကတခြစ်စာပေါင်းမြက်အားလုံးခြစ်ချမြေမြုပ်ရပါတယ်။ ဒီအတိုင်းတထစ်ပြီးတထစ် အထက်ကိုတက်သွားပြီး တခင်းလုံးပြီး အောင်ပေါက်ရပါတယ်။ မြေဩဇာကောင်းရအောင်ဒီအတိုင်းနှစ်စဉ်လုပ်ပါတယ်။

တကယ်ပင်ပန်းတဲ့အလုပ်ဖြစ်ပါတယ်။ ဘိန်းခင်းအလုပ်စချိန်မှာစပါးရိပ်သိမ်းချိန်ဖြစ်သည့်အတွက်တ အိမ်သားလုံးအလုပ်အများဆုံးဖြစ်တယ်။ဘိန်းခင်းကိုစိတ်လောလုပ်ရတဲ့အတွက်တချို့ယာသမားစပါးကိုပြီးအောင်မသိမ်းနိုင်စပါးကိုပုံထားပြီးဘိန်းခင်းပြီးမှစပါးနယ်သိမ်းကြပါတယ်။

ကျမမှာသမီးကြီး၁၃နှစ်၊အငယ်၁၁နှစ်၊ သားငယ်၉နှစ်တယောက်မှကျောင်းမထားနိုင်ရွာမှာကျောင်းမရှိ၊ မြို့ကျောင်းထားဘို့စရိတ်မတတ်နိုင်ပါ။ အားလုံးနေ့တိုင်းကျမနဲ့အလုပ်လုပ်ပါတယ်။ ကျမခလေးအ လုပ်ကြိုးစားလုပ်ကြပါတယ်။ နှစ်စဉ်နှစ်သစ်ကူးအဝတ်အစားအသစ်ဝယ်နိုင်ချင်တယ်လို့ပြောကြတယ်။

ခလေးအဖေကရွာအလုပ်နဲ့ရှုပ်နေတော့အိမ်အလုပ်ကိုသိပ်မကူနိုင်ဘူး။ မကြာခဏအုပ်စုအစီးအဝေး ဆိုတာ တက်နေတာ။ အဲဒီကဘာမှရခဲ့ဒါမရှိဘူးဘူး။

ရွာမှာဘိန်းအမြဲရှုတဲ့အိမ် ၂ အိမ်ရှိတယ်။ ကျေးရွာအုပ်စုမှာပြည်သူ့စစ်ရှိတယ်။ အုပ်စုအကြီးအကဲလည်းရှိတယ်။ဘိန်းဖြတ်ဘို့အမြဲပြောကြပေမဲ့လက်တွေ့အရေးယူဒါမတွေ့ရဘူး။ သူတို့မျက်ကြောမတဲ့ရင်တခါတလေတခြားရွာသားဘိန်းရှုနေဒါတွေ့ရင်ရိုက်တယ်။ငွေဒါဏ်တပ်ကြတယ်။

ဘိန်းရှုတဲ့အိမ်မှာညတိုင်းလူကြီးလူငယ်အမြဲစည်ကားနေတယ်။ အလုပ်ပင်ပန်းလို့၊ ခါးကိုက်လို့၊ ဗိုင့်နာ လို့၊ ချောင်းဆိုးလို့၊ ငှက်ဖျားဖြစ်လို့အကြောင်းအမျိုးမျိုးပြပြီးရှုကြဒါလည်းရှိတယ်။ကျမယောက်ျားလည်းမ ကြာခဏခါးကိုက်လို့သွားရှုဒါတွေ့ရတယ်။ ပျောက်တယ်၊တက်သာတယ်လို့တော့ပြောတာဘဲ။

နိုဝင်ဘာလမှာမိုးကုန်ပြီးမနက်မှာနှင်းတွေကျတော့ဘိန်းစိုက်ကြရတော့မယ်။လူတိုင်းပြာယာခတ်အ လုပ်လုပ်ကြတယ်။

တအိမ် (သို့) တကေဘိန်းစေ့နို့ဆီတဘူးမကုန်ဘူး။ မကြဲတတ်ရင်ကြဲတတ်တဲ့သူကိုငှါးရတယ်။ အနေ တော်ကြဲတတ်ဘို့ကခက်တယ်။ ပြန့်အောင်ကြဲရတယ်။ ဘိန်းစေ့နှင့်အတူမုန်ညှင်းစေ့၊နံနံစေ့ပါအနည်း ငယ်ရောကြဲရပါတယ်။ သဘာဝကြောင့်လားမသိဘူးဘိန်းပင်ကမုန်ညှင်း၊ နံနံကောင်းရင်အတူရှင်သန် ကောင်းလာဒါတွေ့ရတယ်။ ဘိန်းစေ့ကတညထဲနှင်းထိဒါနဲ့အညှောင့်လေးမြင်ရပြီး။တပတ်အတွင်း လက်ညှိုးတဆစ်တက်လာပြီ။အဲဒီအချိန်မိုးထိရင်အား

ဘိန်းစိုက်ခင်းအတွက်မအား
မလတ်ကြိုးပမ်း
လုပ်ရဒါကကျမနဲ့သမီးတို့ပါ။
ရောင်းတော့ယောက်ျားတို့ဘဲ၊

ဘိန်းကို မှီခိုရသောဆန်းဆောတောင်ခြေ မှ ရွာသာယာ

လုံးပုတ်သေကုန်တယ်။ နောက်ထပ်အသစ်အမြန် ပြန်ကြဲရတယ်။ ရှေးအစဉ်အလာအတိုင်းအာဥ၊အမြစ်စားဘို့ဆိုလဆုတ်စိုက်။ အပွင့်အသီးအရွက်စားဘို့ကလဆန်းစိုက်လို့ဆိုကြတယ်။ တချို့ကသိပ်ဂရုမထားဘူး အားတဲ့အခါစိုက်ကြတယ်။ ဒါလည်းဖြစ်ဒါဘဲ ထူးထူးခြားခြားကွာဒါမတွေ့ဘူး။

နောက်၂-၃ ပါတ်ကြာရင်ဘိန်းပင်လေးကတထွာခန့်မြင့်လာပြီ၊အဲဒီအချိန်တခင်းလုံးပြောင်အောင်ပေါင်း နုတ်ရပါတယ်။ မိသားစုတကွက်မပြီးမချင်းနားလို့မရဘူး။
နောက်ထပ်၁ပတ် ၂ ပတ်ကြာရင်ရှင်းမပြီးခဲ့တဲ့ ပေါင်းပင်ကိုအပြီးထပ်ရှင်းရပါတယ်။
ပထမတခါပေါင်းရှင်းရင်မှိုညှင်း၊နံနံပါအထူအကျဲကိုကြည့်ပြီးတချို့ကိုရှင်းပစ်ရတယ်။
ဒုတိယတခါရှင်းရင်မုန်ညှင်း၊ နံနံစားနိုင်၊အချဉ်တည်နိုင်သမျှအားလုံးနုတ်ယူရတယ်။

နောက်စားဘို့တပင်လေသာထားပါတယ်။
၂ လကုန်ဒါနဲ့အပွင့်တချို့စထွက်လာပြီ။
တနေ့တခြားတခင်းလုံးအပွင့်ရောင်စုံပွင့်တဲ့အခါလောကမှာအလှဆုံး၊အသာယာဆုံးမြင်ရတယ်။ အပွင့်မြင်ဒါနဲ့အသီးအဖူး လေးပါရှေ့ဆင့်နောက်ဆင့်ထွက်လာတယ်။
၃လကုန်ဒါနဲ့တွေ့ရတဲ့အသီးအရင့်ကိုအရင်ခြစ်ရတယ်။ ခြစ်တံကကျောက်ဆေးထိုးအပ်တံနဲ့တူတယ်။တသီးကိုတဘက်မှာ ၁-၂ ခါအသီးပေါ်မှု တည်ပြီးခြစ် ရတယ်။ အသီး

ရဲ့အတွင်းပေါက်အောင်မခြစ်ရဘူး။ အစေး
အသီးရဲ့အတွင်းဝင်သွားရင်မရတော့ဘူး။

အသီးခြစ်ချိန်နံနက်စောစော၊ တခါလေမိုး
မလင်းခင်အသီးကိုမျက်နိုင်မြင်ဒါနဲ့အလုပ်
စပါတယ်။ လိုအပ် ရင်ဓါတ်မီးထိုးသင့်ရင်ထိုး
လုပ်ရပါတယ်။နေထွက်ရင်အစေးထွက်ပြီ။
အစေးမြေမကျမှီဒါးကောက်ငယ်နဲ့တူတဲ့အ
ထူးလုပ်ထားတဲ့ကရိယာနဲ့အစေးကုတ်ယူရ
ပါတယ်။ ညရောက်တဲ့အထိကုတ်ယူရပါ
တယ်။ နောက်မနက်နေရောင်မြင်တာနဲ့ဆက်
ခြစ်ယူရတယ်။ခြစ်ထားတဲ့အစေးကိုတ

နေကုန်အပြီးသိမ်းနိုင်ဘို့မစားမသောက်
အားလောက်အောင်မြန်မြန်ဆန်ဆန်လုပ်ရ
ပါတယ်။ လောကကြီးမှာဒီအချိန်ဟာအရေးအ
ကြီးဘဲ။ အားကုန်စိုက်လုပ်ရပါတယ်။ မနေ့
ကခြစ်ပြီးသားအသီးတလုံးရဲ့တဘက်ခြမ်း
ကိုနောက်ထပ်၁ခါ၂ခါထပ်ခြစ်ရပါတယ်။
တနေ့လုံးသိမ်းလာတဲ့ဘိန်းစေးကိုသိမ်းတဲ့
အခါတတွေးနဲ့အစေးကိုသုတ်ချတော့တ
ချိန်လုံးတတွေးထွေးယူရတယ်။ ဘိန်းမှုးဒါ
ပြေအောင်တတွေးမပြတ်ထွက်နိုင်အောင်
အာမခြောက် အောင် ကြံသကာအမြဲစား
နေရတယ်။

ဘိန်းခြစ်ယူရရှိတဲ့အခါကြိုတင်ခူးထားတဲ့ ဘိန်းပွင့်၊ ဘိန်းရွက်နဲ့ပေါင်းထုတ်ပြီးရှမ်းစက္ကူနဲ့ (တခြားဘာစက္ကူနဲ့မှလုံးဝမဖြစ်) အထပ်ထပ်တင်းတင်းရစ်ထုတ်ပြီး (တပိသာ (သို့) ၂ပိသာ) လိုအပ်တဲ့အလုံးရရင် နောက်ဆုံးအလုံးပေါ်ကုန်လျှော်ကြိုးနဲ့ကျစ်ကျစ်စိပ်စိပ်ရစ်ချည်ရပါတယ်။ အဲဒီအခါလိုသလို သယ် ဆောင်နိုင်တယ်။ ဘိန်းထုတ်ဒါလူတိုင်းမလုပ်တတ်ဘူး၊ လုပ်တတ်သူကိုအခပေးလုပ်ခိုင်းလေ့ရှိတယ်။

ဘိန်းစိုက်တောင်သူအများစုကဆင်းရဲတာများတယ်။ အလုပ်ခိုင်းစေဘို့အရင်းအနှီးတတ်နိုင်သူ လူချမ်း သာက၁၀၀မှာ ၂ ယောက် ၃ ယောက်သာရှိတယ်။ (ကျန်တဲ့လူတွေကကိုယ်ဘာသာ ကိုယ် စိုက်သူများ။) ဘိန်းရောင်းသယ်သူတွေနဲ့မတူဘူး၊ ရောင်းဝယ်တတ်သူ ၁၀၀ မှာ ၆၀၊ ၇၀ ကသူဌေးဖြစ်ဘို့သေချာတယ်။

လက်ကားလိုက်ဝယ်နိုင်သူကများသောအားဖြင့်အဝေးကလာသူများတယ်။ တခါတလေရွာကဝယ်နိုင်သူတွေကရွာသားတွေပေါင်းပြီးဈေးကောင်းရနိုင်တဲ့နေရာကိုသွားရောင်းကြရပါတယ်။ ရွာတွင်းနဲ့နီးနားဘိန်းစားသူကတခါတကျပ်သား၊ နှစ်ကျပ်သားထက်ပိုမဝယ်နိုင်ကြပါဘူး။

ကျမအိမ်ရောတခြားအိမ်ရောမိန်းမကဘိန်းရောင်းလေ့မရှိဘူး။ ဘိန်းကတခြားပစ္စည်းချိန်ဒါနဲ့မတူဘူး။ ချိန်ခွင်ကလည်းတရုတ်ချိန်ခွင်တဲ့၊ (အနည်းငယ်အတွက်) အလေးကထိုင်းခေါင်းကိုက်ဆေးအထုပ်နဲ့ချိန်ညှိယူကြတယ်။ ဒါကြောင့်အလေးမှားမယ်ဆိုပြီးမိန်းမကို မချိန်ခိုင်းဘူး။

ဘိန်းစိုက်ခင်းအတွက်မအားမလတ်ကြိုးပမ်းလုပ်ရဒါကကျမနဲ့သမီးတို့ပါ။ ရောင်းတော့ယောကျာ်းတို့ဘဲ။တချို့မိန်းမဆိုရောင်းရငွေဘယ်လောက်ရမှန်းတောင်မသိရှာဘူး။ ဘယ်လိုဘဲဖြစ်ဖြစ်နှစ်သစ်ကူးလို့သမီးတို့သားတို့အဝတ်အစားအသစ်တစုံရရင်မိသားစုတခုလုံးပျော်ကြပါတယ်။

၆) အတိတ်က မူးယစ်ဆေးတိုက်ဖျက်ရေး စီမံချက်မှ သင်ခန်းစာများ

တရားမဝင်စိုက်ပျိုးခြင်းကို အမြဲ စောင့်ကြည့်ပေးနေခြင်း၊ ဒေသတွင် ဆေးစွဲသူများ တိုးပွါး လာခြင်းတို့ကြောင့် တချို့ ဘိန်းတောင်သူများက အစားထိုးသီးနှံစိုက်ခြင်းနှင့် ကူညီခြင်းကို ကြိုဆိုကြသည်။ သို့သော် ဘိန်းခင်းတိုက် ဖျက်ခြင်းကို တခြားသီးနှံမှ ဝင်ငွေမရမီ မလုပ်စေချင်ကြပေ။ "အစိုးရက ဘိန်းစိုက်တာကို ချက်ချင်းရပ်ဖို့ ကျွန်တော်တို့ကို လုပ်ရင် ကျွန်တော်တို့ ထိခိုက်မှာဘဲ။ နေထိုင်မှုဘဝကို ပြောင်းလဲဖို့ ဆိုရင် အနည်းဆုံး ၅ နှစ် ၁၀ နှစ်လောက်လိုမယ်။" ဟု မိုင်းဆတ်ရှိ ဘိန်းစိုက်တောင်သူတဦးကဆိုသည်။

သို့သော် တောင်သူအများစုမှာ ဘိန်းကလွဲ၍ တခြားသီးနှံ မစိုက်လိုကြပေ။ "ကျွန်တော်တို့ ဘိန်းမစိုက်ရင် ဘာယ် လိုလုပ် နေထိုင်စားသောက်ရမလဲ မစဉ်းစားတတ်ဘူး။" ဟု မိုင်းဖြတ်မှ တောင်သူတဦးက ဆိုတယ်။

မူးယစ်ဆေးတိုက်ဖျက်ရေး ခေါင်းစဉ်ဖြင့် အဓမ္မရွှေ့ပြောင်းခံရမှုကို လားဟူရွာသားများ အလူးအလဲခံစားရ ဘူးသည်။ လားဟူသီးသန့်မျိုးနွယ်စု တခုဖြစ်သော "အင်ကျီရှည်" လားဟူဝါ တို့မှာ သူတို့နေထိုင်ရာ တောင်ပေါ်မှ မောင်းချခံရ၍ ပျက်စီးမှုဒုက္ခရောက်မှု များခံစားခဲ့ရသည်။

ဖြစ်ရပ်ကို လေ့လာချက် - လားဟူဝါတို့ အဓမ္မ ပြောင်းရွှေ့ခံရ၍ ပျက်စီးကြရခြင်း

"ဘိန်းကြောင့် ဘာယ်သူ့ကိုမှ မထိခိုက်စေချင်ပါဘူး။ ကျွန်တော်တို့ ရာဇဝတ်သားတွေမှ မဟုတ်တာ၊ ကျွန်တော်တို့ အလုပ်ကြိုးစားလုပ်တဲ့လူ တွေဘဲ။ ဒါပေမဲ့ ကျွန်တော်တို့ကို တောင်ပေါ်မှာ မနေဖို့လာတားတယ်။ တော်တော်စိတ်ထိခိုက်တယ်၊ အများအပြားလည်သေကြတယ်။" ကျိုင်းတုံ လွယ်ဆမ်ဆော့ မှ လားဟူဝါ တောင် သူ အဖိုးအို က ပြောပြသည်။

"အင်ကျီရှည်" လားဟူဝါသည် လားဟူမျိုး နွယ်စုမှ အငယ်ဆုံး လားဟူမျိုးခွဲဖြစ်သည်။ သူတို့သည် ရှမ်းပြည်နယ်အရှေ့ပိုင်း တောင်မြင့်များပေါ်တွင် နေထိုင်ကြသည်။ အင်ကျီ အဖြူရှည်များ ဝတ်သောကြောင့် တခြား အင်ကျီတို ဝတ်သော လားဟူဝါနှင့် ခြားနားသည်။ အင်ကျီတိုလားဟူများက လူဦးရေများသည်။ သူတို့ကို "ဂွီ" ဟု ဒေသခံ ရှမ်းတို့က ခေါ်သည်။

ဂွီလားဟူတို့၏ နေထိုင်မှုစရိုက်နှင့် ဓလေ့မှာ တခြားလားဟူများနှင့် များစွာကွာခြားသည်။ သူတို့သည် တာအိုဝါဒကို ကိုးကွယ်ကြသည်၊ မည်သည့် ပြည်သူ့စစ်ထဲကိုမှ မဝင်ကြပေ။

သူတို့သည်တခြားလားဟူများထက် တောင်ပိုမြင့်မြင့်ကိုနှစ်သက်ကြသည်။ ပေ ၅,၀၀၀ အထက်ဖြစ်သည်။ ဘိန်းပင်တို့သည် ထိုအမြင့်တွင် ဖြစ်ထွန်းသည်။ သူတို့သည် ဘိုးစဉ်ဘောင်ဆက် ဘိန်းစိုက်ခြင်းပေါ် အမှီပြုခဲ့ ကြသည်။ သူတို့သည်မြေပြန့်သို့ ဆင်း၍ ရောင်းဝယ်ကြသည်။ ရှမ်းစကားကို တတ်သည်။ သို့သော် မြေပြန့်တွင် ညမအိပ်ပေ။ ဒဏ်ခတ်ခံရမည်ကိုစိုး၍ ဖြစ်သည်ဟုဆိုသည်။ ဖျားနာမှုကို နတ်က ဒဏ်ခတ်သည်ဟု ယူဆကြသည်။ တောင်မြင့်ပေါ်တွင် ငှက်ဖျားမရှိသောကြောင့် ငှက်ဖျားမဖျားကြပေ။

LNDO၏ သုတေသနပြုချက်အရ ၁၉၉၉ တွင် ကျိုင်းတုံအနောက်ဘက် လွယ်ဆမ်ဆော့ တောင်းတန်းပေါ်ရှိ ငါးအုပ်စု (ကျေးရွာ အုပ်စု ၅ ခု) တွင် ဂွီလူမျိုး ၁,၈၀၀ ခန့်ရှိခဲ့သည်။ တချို့မှာ မိုင်းဖြတ်၊ တာချီလိတ်၊ နှင့် မိုင်းဆတ်ရှိ တောင်တန်းဒေသတွေမှာနေကြသည်။ သူတို့သည် ပြန့်ကျဲနေကြပြီး တရွာတွင် အိမ်ခြေ ၁၀ ခုထက်မပိုပေ။

နေရာက ခေါင်လွန်းသဖြင့် သူပုန်ဆန့်ကျင်ရေး လုပ်မည့် အစိုးရတပ်များ မရောက်ပေါက်သည့် နေရာဖြစ်သည်။သို့သော် ၁၉၉၉ နှင့် ၂၀၀၅ တွင် သူတို့သည် စစ်အစိုးရ၏ "မူးယစ်ဆေးတိုက်ဖျက်ရေး" ကြွေးကြော် သံအောက်တွင် ပစ်မှတ်ဖြစ်ခဲ့ရသည်။ သူတို့ဘိန်းမစိုက်နိုင်ရန် ဂွီရွာအားလုံးကို သူတို့နေထိုင် ရာတောင်ပေါ်မှ အတင်းအဓမ္မရွှေ့ပြောင်းခိုင်းတော့သည်။ နေရာအနှံ့သို့ ပြန့်ကျဲကုန်ပြီး လက်ရှိတခြားလားဟူရပ်ရွာများနှင့် အနီးနားတွင် ရွှေ့နေကြသည်။ မြေပြင်မှာ မူလတောင်များထက် နိမ့်နေသည်။

ရလာဒ်က တော်တော်ဆိုးဝါးသည်။ ခြင်များရှိရာနေရာတွင် ယခင်က မနေဘူးသောကြောင့် ငှက်ဖျားရောဂါကို ခံနိုင်ရည်မရှိပေ။ နခတ်ရွာမှ ပြန့်လာ၍ ကျိုင်းတုံ အရှေ့ဘက် နမ့်လုံရန်းကယ်ရွာတရွာထည်းတွင် ရွာသား ၁၀၀ တွင် ၇၀ ဦးမှာ နှစ်နှစ်အတွင်းငှက်ဖျားကြောင့် သေဆုံးရသည်။ ထို့အတူ တာချီလိတ် အရှေ့ဘက် မိုင်းဖွန်း နှင့် မဲခေါင်မြစ်နားရှိ ပါလျို ကျင်းလပ်ရွာတွင်လာနေကြသော ဂွီရွာသားများသေကြရသည်။

မိုင်းဖွန်းတွင် ကျော်ကြားသော ရှမ်းဘုန်းတော်ကြီး စဝ်ဝုန်ဂျမ်းက သူတို့ကို သနားသောကြောင့် သူ၏ ကျောင်း အထက် တောင်ပေါ်တွင် နေစေခဲ့သည်။ ဂွီးများက ဗုဒ္ဓဘာသာထဲဝင်ကြသည်။ ဖျားနာမှုနှင့်



"အင်ကျီရှည်" လားဟူဝါ တို့ရွာ ၁၉၉၉ ခု မူလတည်နေရာ



၂၀၁၆ လက်ရှိပြောင်းရွှေ့ မှီခိုနေသည့်ရွာ

ဂွီလားဟူ ကိုးကွယ်သော တရုတ်ဘာသာ (တာအိုဝါဒ) ဘုရားစင်

ကံဆိုးမှုများ မှ ကာကွယ်ပေးမည်ဟု ယုံကြည်ကြသောကြောင့် ဖြစ်သည်။ သို့သော်သူတို့သည် မူလဘာသာရေး ဗုဒ္ဓဘာသာ ကိုပါ ရှိခိုးကြသည်။

နောက်ဆုံးတော့ ရွာသားတချို့သည် မူလသူတို့နေရာ တောင်ထိပ်ဆီသို့ ပြန်သွားကြသည်။ သို့သော် အများစုမှာ ကွဲကွာကုန်သည်။ အခုအခါ LNDO လေ့လာချက်အရ မူလ ၁,၈၀၀ မှ ၁,၁၀၀ သာကျန်တော့သည်။

"အင်ကျီရှည်" လားဟူဝါရွာများမှ ၁၉၉၉ ခု မူလလူဦးရေ

No.	Village	Houses	Population	Tract	Township
၁	ကဲဘာ	၄	၁၈	နအင်း	ကျိုင်းတုံ
၂	မိုင်းအင်း	၅	၂၁	နခ	ကျိုင်းတုံ
၃	နမ့်ဘို	၈	၂၅	မိုင်းခွန်	ကျိုင်းတုံ
၄	အမူးဒေ	၆	၂၃	အမူးဒေ	ကျိုင်းတုံ
၅	လဲဒွေါ	၇	၂၇	နမ့်ပေါ်	ကျိုင်းတုံ
၆	အီးမူပါ	၅	၂၇	ပုံခေတ်	ကျိုင်းတုံ
၇	နမ့်ဟက်	၄	၂၁	နမ့်ယွန်း	ကျိုင်းတုံ
၈	လွယ်ကျေး	၄	၁၄	အမူးဒေ	ကျိုင်းတုံ
၉	နမ့်လင်းတောင်း	၇	၂၀	နမ့်လင်းတောင်း	ကျိုင်းတုံ
၁၀	နခ(၁)	၂၅	၁၇၅	နခ	ကျိုင်းတုံ
၁၁	နခ(၂)	၂၁	၁၅၆	နခ	ကျိုင်းတုံ
၁၂	နခ(၃)	၁၆	၉၉	နခ	ကျိုင်းတုံ
၁၃	နဖူး	၁၅	၁၀၃	နမ့်အင်း	ကျိုင်းတုံ
၁၄	နမ့်ဆန်စု(၁)	၁၅	၉၇	မိုင်းပတ်	ကျိုင်းတုံ
၁၅	နမ့်ဆန်စု(၂)	၈	၃၉	မိုင်းပတ်	ကျိုင်းတုံ
၁၆	နမ့်ဆန်စု(၃)	၁၃	၇၀	မိုင်းပတ်	ကျိုင်းတုံ
၁၇	ကယ်ဝေါလော	၂၁	၁၄၂	မိုင်းပတ်	ကျိုင်းတုံ
၁၈	နမ့်မွေ	၃	၁၈	မိုင်းဟဲ	မိုင်းဖြတ်
၁၉	ဦးကြည်ပက်	၅	၁၈	မိုင်းဟဲ	မိုင်းဖြတ်
၂၀	နပက်ပူ	၅	၁၃	နမ့်ယွန်း	မိုင်းဖြတ်
၂၁	ကောပက်	၂၁	၉၅	မိုင်းလူး	မိုင်းဖြတ်
၂၂	နအယ်	၁၁	၄၇	မိုင်းလူး	မိုင်းဖြတ်
၂၃	ပမိုဘို	၈	၅၁	မိုင်းလူး	မိုင်းဖြတ်
၂၄	နကိုင်	၁၁	၆၆	နမ့်လုံ	မိုင်းဖြတ်
၂၅	နလုံယားကော်	၈	၅၉	နမ့်လုံ	မိုင်းဖြတ်
၂၆	တာဆဲ	၁၁	၄၇	တာဆဲ	မိုင်းဆတ်
၂၇	ပူနားကို	၂၅	၁၈၈	ပူနားကို	မိုင်းဆတ်
၂၈	နတီ	၄	၂၇	အာမ	မိုင်းဆတ်
၂၉	နဖြူ	၁၁	၆၇	မိုင်းဟဲ	တာချီလိတ်
၃၀	နရူ	၈	၃၇	မိုင်းဟဲ	တာချီလိတ်
		၃၁၅	**၁,၈၁၀**		

"အင်ကျီရှည်" လားဟူဝါတို့ ၂၀၁၆ ခုနှစ် လူဦးရေနှင့် တည်နေရာပြ ဇယား

No.	Village	Houses	Population	Tract	Township
၁	နခ (၁)	၁၃	၄၉	နခ	ကျိုင်းတုံ
၂	နခ (၂)	၁၇	၇၆	နခ	ကျိုင်းတုံ
၃	နခ (၃)	၁၄	၅၂	နခ	ကျိုင်းတုံ
၄	နဖူး	၁၁	၅၀	မိုင်း ပတ်	ကျိုင်းတုံ
၅	နမ့်ဆန်စု(၁)	၁၂	၄၅	မိုင်း ပတ်	ကျိုင်းတုံ
၆	နမ့်ဆန်စု(၂)	၈	၃၉	မိုင်း ပတ်	ကျိုင်းတုံ
၇	နမ့်ဆန်စု(၃)	၄	၂၂	မိုင်း ပတ်	ကျိုင်းတုံ
၈	ကယ်ဝေါလော	၁၃	၅၂	မိုင်း ပတ်	ကျိုင်းတုံ
၉	ပါတော်ကြေ	၁၃	၅၇	ပန်လင်း	ကျိုင်းတုံ
၁၀	မိုင်းလူးနခ	၃၀	၁၅၅	မိုင်းလူး	မိုင်းဖြတ်
၁၁	ကောဖက်	၁၈	၆၂	မိုင်းလူး	မိုင်းဖြတ်
၁၂	နအယ်	၅	၂၃	မိုင်းလူး	မိုင်းဖြတ်
၁၃	ပါမိုဘို	၁၃	၅၈	မိုင်းလူး	မိုင်းဖြတ်
၁၄	နကိုင်	၁၄	၆၆	နမ့်လုံ	မိုင်းဖြတ်
၁၅	နလုံရန်းကော်	၁၃	၅၉	နမ့်လုံ	မိုင်းဆတ်
၁၆	ပူနားကို	၂၂	၇၂	ပူနားကို	မိုင်းဆတ်
၁၇	နတီ	၅	၃၄	အာမ	ကျိုင်းတုံ
၁၈	နဝမ်	၈	၃၇	ပါလျှို	ကျိုင်းလပ်
၁၉	နဖူ	၁၈	၆၇	မိုင်းဟဲ	တာချီလိတ်
၂၀	နရူ	၁၁	၄၄	မိုင်းဟဲ	တာချီလိတ်
၂၁	မိုင်းဖွန်း	၁၁	၄၉	မိုင်းဖွန်း	တာချီလိတ်
	ခန့်မှန်း	**၂၇၃**	**၁,၁၆၈**		

နိဂုံးချုပ်။နှင့် အကြံပြုချက်များ

လက်ရှိ ငြိမ်းရေး လုပ်ငန်းစဉ်သည် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် စစ်ရှိန်တက်နေမှုကို မလျော့ချနိုင်ပေ။ အပစ်ရပ်ထားကြသော်လည်းဆန့်ကျင်စွာ ဘက်အားလုံးတွင် စစ်အင်အား တိုးချဲ့ နေကြသည်၊ စစ်အတွက် ပြင်နေကြသည်။

တချိန်ထည်းမှာပင် အစိုးရ၏ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး လုပ်ငန်းမှ အလုပ်မဖြစ်ပေ။ တချို့ နေရာ များတွင် ဘိန်းစိုက်တောင်သူ လူ့အဖွဲ့အစည်းကို များစွာထိခိုက်နစ်နာစေ သည်။ မြေပြင်လေ့လာချက်များ အရ ဘိန်းစိုက်ခြင်းသည် တောင်ပေါ်ရှိတောင် သူများအတွက် အဓိက ဝင်ငွေဖြစ်နေသည်။ ဘိန်းဖြူ စိတ်ကြွဆေး ထုတ်လုပ်ဖြန့်ခြင်းနှင့် ဈေးပေါသည့်ဆေးပြားများကလည်း ဒေသတွင်း ဆေးစွဲသူများ တိုးပွါးလာစေသည့် ပြဿ နာရှိသည်။

အစိုးရ ပြည်သူ့စစ်တို့ ထိန်းချုပ်သောနေရာ သည် မူးယစ်ဆေးများ သိသိသာသာ ထွက်ရှိသောနေရာဖြစ် သဖြင့် မြန်မာ့စစ် တပ်က သူ့၏ ပြည်သူ့စစ်ကို ဆယ်စုနှစ်ချီ ခွင့်ပြုခဲ့သည့်အတိုင်း ဆက်လက်လုပ် ဆောင်နေသည် မှာ ထင်ရှားသည်။ ဤမက်လုံးအား ပြည်သူ့စစ်ကိုပေး၍ သူတို့၏ ရည်မှန်းချက်ဖြစ်သော ဝေးလံသည့် တောင် ပေါ် ဒေသရှိ တိုင်းရင်းသား ခုခံရေး အင်အားစုကို ဆန့်ကျင်နေခြင်းပင်ဖြစ်သည်။

ဤတွေ့ရှိမှုသည် NLD အစိုးရသစ်အတွက် မူးယစ်ဆေးဝါး မူဝါဒချရာတွင် အရေးပါ အသုံးဝင်နိုင်ပါသည်။ အကယ်၍ NLD အစိုးရသည် မြန်မာပြည်တွင် မူးယစ်ဆေးဝါး ပြဿနာကို အလေးထားဖြေရှင်းလိုပါက တိုက်ပွဲတို့ကို နိုင်ငံရေးအရ ဖြေရှင်းရန် အားစိုက်သင့်ပါသည်။ ဖက်ဒရယ်နည်းနှင့် ဖြေရှင်းနည်းဖြစ်ပြီး ပြည်နယ် နှင့် အောက်အဆင့်များသို့ အာဏာခွဲဝေပေး ခြင်းဖြစ်ပါသည်။ ထိုမှ ကိုယ်ပိုင်ပြဌာန်းပိုင် ခွင့်ရှိသော ပြည်နယ် များသည် သက်ဆိုင်ရာ ပြဿနာကို သက်ဆိုင်ရာလူမျိုးစုများ ဖြေရှင်းနိုင်ပါလိမ့်မည်။ စစ်တပ်သည်လည်း အရပ်သားအစိုးရအောက်တွင် ထားရှိရပါမည်။

ဖက်ဒရယ်စနစ် အတိုင်း လည်ပတ်လှုပ်ရှား နိုင်မှသာလျှင် ဒေသဆိုင်ရာ ခေါင်းဆောင် များကို သေနတ်နှင့် မဟုတ်ဘဲ မဲဖြင့် ရွေးချယ်၍ ပြည်သူများပါဝင်ပူးပေါင်းမှုဖြင့် ခိုင်မာမြဲမြံသည့် မူးယစ်ဆေး ဆန့်ကျင်ရေး စီမံချက်ကို အကောင်အထည်ဖော်နိုင်ပါ လိမ့်မည်။

မြန်မာပြည်ရှိ မူးယစ်ဆေးဝါး ပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် LNDO မှ အောက်ပါ အကြံပြုချက်များ ကိုတင်ပြလိုက်ပါသည်။

NLD ခေါင်းဆောင်သည့် အစိုးရသို့

၁. ဖက်ဒရယ်စနစ်တည်ဆောက်နိုင်ရေး အတွက် နိုင်ငံရေးအရဆွေးနွေးမှုများ အမြန်လုပ်ဆောင်ခါ စစ်တပ်ကို အရပ်သား အစိုးရအောက်တွင် ထားရှိရန်

၂. ဘိန်းဆန့်ကျင်ရေး စီမံချက်အတွက် ဘိန်းစိုက်တောင်သူများ၏ ပူးပေါင်းပါ ဝင်မှု၊ တည်ငြိမ်ပြီး ခိုင်မြဲသည့် အသက် မွေးဝမ်းကြောင်းမှု ရှိမှသာ လုပ်ဆောင်ရန်

၃. မူးယစ်ဆေးစွဲသူများ ကုသရေးစီမံချက် ကို ဒေသခံ ရပ်ရွာလူထု ပူးပေါင်းပါ ဝင်မှုဖြင့် ဆောင်ရွက်စေရန်

နိုင်ငံတကာ အလှူရှင်များသို့

၁. တိုက်ပွဲများကို ဆွေးနွေးပြီးဖြေရှင်းမှု မရှိပါက မြန်မာအစိုးရစစ်တပ်ကိုပေး နေသည့် မူးယစ်ဆေးထိန်း ချုပ်ရေးစီမံ ချက်အတွက်အကူအညီအားလုံး ရပ်ဆိုင်းထားရန်။ ဒေသဆိုင်ရာတပ်ဖွဲ့ များသည် ဖက်ဒရယ်စံနစ်အရဒီမိုက ရေစီနည်းကျရွေးချယ်ခါသူတို့ သက်ဆိုင်ရာ လူထုကိုတာဝန် ယူနိုင်ရမည်၊ သူတို့သည် သူတို့နယ် မြေ အတွင်း မူးယစ်ဆေး ထိန်းချုပ်ရေး စီမံချက်ကို တာဝန်ခံရမည်။

၂. မြန်မာစစ်တပ်ကို အကူအညီပေး နေခြင်းသည် ဖြစ်နေသောတိုက်ပွဲတွင် ဘက်လိုက်ခါ စစ်ရှိန်နှင့် စစ်ဖြစ်ရေး အတွက် မီးထိုးပေးရာကျခြင်း၊ မူးယစ်ဆေးရောင်းဝယ်မှုကို အားပေးရာရောက်စေ သဖြင့် စစ်တပ်အားစစ်ရေးအကူအညီပေး မှုများရပ်ဆိုင်းရန်။

နကော်လဲ ခေါ် အပင်ရိုင်းသည် လားဟူဆိုရိုး "ဘိန်းမိတ်ဆွေကောင်း" ဟု
သိထားကြသည်။ ထိုအပင်သည် ဘိန်းပင်များပေါက်နိုင်သည့် အမြင့်ပေ ၃,၀၀၀
အထက်တွင်သာပေါက်သည်။ ထိုအပင်ကို တွေ့ပါက လားဟူတောင်သူတို့သည်
၎င်းနေရာ၌ ဘိန်းစိုက်ရန်သင့်တော်ကြောင်း သိကြသည်။

လားဟူ အမျိုးသားဖွံ့ဖြိုးရေး အဖွဲ့ မှ အောက်တိုဘာ ၂၀၁၆ ခုနှစ်တွင် ထုတ်ဝေသည်။